ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်၊ တနင်္ဂနွေနေ့၊ (15-5-2011) (၆၇၆၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ အစည်းအဝေးခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ နံနက် ၈ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေးခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးသိန်းဇော်၊ ဦးစိုးသာ၊ ဦးမောင်မောင်သိမ်း၊ သူရဦးအေးမြင့်၊ ဦးသိန်းဆွေ၊ ဦးစိုးနိုင်၊ ဦးသူရိန်ဇော်၊ ဦးဝင်းစိန်၊ ဗိုလ်မှူးကြီး ဌေးနိုင်နှင့် ဗိုလ်မှူးကြီးတင့်ဆန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်မောင်အုန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဆွေနှင့် ပြည်သူ့လွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာနှင့် စစ်သံမှူး Senior Colonel Xiong Shaowei တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ရွှေလုံ့ပိုလ်မြစ်ရေတင်စီမံကိန်းမှ စိုက်ပျိုးရေစတင်ပေးဝေ

သတင်းမှတ်စု - မြတ်စိုး(လှိုင်)

သတင်းဓာတ်ပုံ - ရန်နိုင်ဝင်း(လှိုင်)

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာနက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်း၌ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရွှေလုံ့ပိုလ်မြစ်ရေတင်စီမံကိန်း၏ဆောင်ရွက်ပြီးစီးနေပြီဖြစ်သော ရေတင်အဆင့်(၁)အပိုင်းမှ ယမန်နှစ်

စာမျက်နှာ ၇ ကော်လံ ၄ သို့ ❖

ယနေ့ သတင်းအညွှန်း

နိုင်ငံတစ်ဝန်း ရောဂါဖြစ်ပွားသေဆုံးမှုများကို ထိရောက်စွာ လျှော့ချနိုင်ခဲ့၊ မြန်မာနိုင်ငံတွင် ပိုလီယိုရောဂါလုံးဝကင်းစင်အောင် ချမှတ် ဆောင်ရွက်လျက်ရှိ။

စာမျက်နှာ - ၃

ကျောင်းသား၊ ကျောင်းသူများအား သင်ခန်းစာသာမက ပြင်ပဗဟုသုတများပါ သင်ကြားပေး၊ ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ အားကျလောက်အောင် စံနမူနာပြနေထိုင်။

စာမျက်နှာ - ၆

B.O.T လေလံစနစ်လုပ်ငန်းရှင်များ ယာဉ်များဖြတ်သန်းသွားလာမှုအပေါ် သတ်မှတ်နှုန်းအတိုင်း ကောက်ခံ။

စာမျက်နှာ - ၉

ကြေးမုံ The Mirror

၁၅-၅-၂၀၁၁
(တနင်္ဂနွေနေ့)

ဈေးကွက်ခိုင်မာ တွက်ခြေကိုက်ရေး အားပေးကူညီ

နိုင်ငံ၏ လူဦးရေအများစုသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်လျက်ရှိသည်။ တောင်သူလယ်သမားများ အပါအဝင် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး မြှင့်တင်ဖော်ဆောင်ပေးနေပြီ။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တစ်ခေတ်ဆန်းသစ်လာစေရေး လိုအပ်ချက်များကို ဖြည့်ဆည်းတည်ဆောက်ရင်း လယ်ယာထွက်ကုန်သီးနှံများ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆက်လက်အားပေးကူညီကြရပေဦးမည်။

လယ်ယာကဏ္ဍ၏ အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေရရှိရေး၊ စိုက်ပျိုးမြေများ ရေကြီးရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်ရေး ဆည်တမံပေါင်း နှစ်ရာကျော် တည်ဆောက်ပေးထားရာ စိုက်ပျိုးမြေများ တိုးတက်လာနေပြီ။ စိုက်ပျိုးမြေဧရိယာ ဧက ၅၆ သန်းကျော်အထိ စိုက်ပျိုးနေကြပြီဖြစ်သည်။

တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေရရှိရေး အစီအမံများ ဖော်ဆောင်ပေးနေသကဲ့သို့ စပါးနှင့် အခြားသီးနှံများ တစ်ဧကအထွက်နှုန်း တိုးတက်ထုတ်လုပ်နိုင်ရေး လိုအပ်ချက်များကိုလည်း အားပေးကူညီကြရပေမည်။ သီးနှံမျိုးကောင်းမျိုးသန့်များ ပြောင်းလဲအသုံးပြုရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ သွင်းအားစုဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများ အချိန်ကိုက် အချိုးကျအသုံးပြုနိုင်ရေး၊ စိုက်ပျိုးချိန်မှ ရိတ်သိမ်းရောင်းချပြီးချိန်အထိ လေလွင့်ဆုံးရှုံးမှု လျှော့နည်းရေးတို့သည် ဂရုပြုဆောင်ရွက်ကြရမည့်အချက်များ ဖြစ်သည်။

နိုင်ငံတော်က လယ်ယာကဏ္ဍ မြေလွတ်မြေရိုင်းများ တိုးချဲ့ဖော်ထုတ်စိုက်ပျိုးရေး၊ စိုက်ပျိုးရေးအထူးဇုန်များ ဖော်ထုတ်ရေးတို့ကို အားပေးနေသည်။ လယ်ယာသုံး စက်ကိရိယာပစ္စည်းများ ရယူအသုံးပြုနိုင်ရေး ကူညီလျက်ရှိသည်။ ခေတ်မီစက်မှုလယ်ယာစံပြစိုက်ပျိုးရေး အထူးဇုန်အချို့ အောင်မြင်မှုရရှိနေပြီ။ အချို့အထူးဇုန်များတွင် စပ်မျိုးစပါးမျိုးများ စမ်းသပ်ထုတ်လုပ်စိုက်ပျိုးလျက်ရှိရာ တစ်ဧကတင်း ၁၀၀ ကျော် ထွက်ရှိနေပြီ။ အဆိုပါ စပ်မျိုးစပါးမျိုးစေ့များ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ကြိုးပမ်းကြရပေမည်။

ဆန်စပါးထုတ်လုပ်မှုသည် နိုင်ငံလူဦးရေနှင့် စားသုံးမှုအခြေအနေအရ ဖူလုံပိုလျှံမှုရှိနေပြီ။ အခြားသော ဆန်စပါးထွက်ရှိတင်ပို့မှု အားကောင်းသော နိုင်ငံများကဲ့သို့ တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းကြရပေမည်။ ထို့အတူ သက်ဆိုင်ရာ တာဝန်ရှိသူတို့က ထွက်ရှိလာသော သီးနှံများအပေါ် တွက်ခြေကိုက်ပြီး ဈေးကွက်ခိုင်မာရေး၊ ပြည်တွင်း ပြည်ပ ဝယ်လိုအား ဈေးကွက် အာမခံချက် ရရှိသည်အထိ တွက်ချက်ကူညီ ပေါင်းစပ်ညှိနှိုင်း ပံ့ပိုးပေးကြရပေမည်။

စိုက်ပျိုးရေးသုတေသနဌာနများက အရည်အသွေးကောင်း အထွက်တိုးမျိုးကောင်းမျိုးသန့်သီးနှံမျိုးများ ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးခြင်း၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားကြီးများအားလုံးက ဈေးကွက်ရှိသော သီးနှံများ တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်မြင့်မားလာမည် ဖြစ်ပါသည်။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၅-၅-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၄ ၁။ နိုင်ငံတော်သီချင်း
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၀ ၄။ **ကာတွန်းအစီအစဉ် -ဘေ့စ်ဘောကြယ်ပွင့်များ (အပိုင်း-၄)**
၁၁း၄၀ ၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သစ္စာတရားရဲ့လှည့်ကွက်**
၁၂း၃၀ ၆။ ကျန်းမာသုတ
၁၂း၄၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေး ပြယ်ပါစေ (အပိုင်း-၆၇)**

ညပိုင်း

၄း၀၄ ၁။ နိုင်ငံတော်သီချင်း
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၃၀ ၅။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၄၀ ၆။ မြန်မာ့ရှုခင်း
၄း၅၀ ၇။ အားလုံးရဲ့တာဝန်
၅း၁၅ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၅ ၉။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၂။ ဘဝကြေးမုံ -အရုပ်ဆိုးမ (နိုင်းနိုင်း၊ ခိုင်ပွင့်) [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
၆း၅၀ ၁၃။ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရတနာစံအိမ် (အပိုင်း-၂၁)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ ပဟေဠိနန်းတော်
၂၀။ ကျန်းမာသုတ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပန်းနုရောင်ချစ်အိပ်မက် (အပိုင်း-၂၀)(ဇာတ်သိမ်း)**
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၅၃)**

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဧည့်အဖွဲ့များ သီးခြားစီ လာရောက်တွေ့ဆုံ

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်အား ကမ္ဘာ့လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) မှ ဌာနေကိုယ်စားလှယ် Mr.Mohamed S. Abdel-Ahad လာရောက် တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၄

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ကမ္ဘာ့လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) မှ ဌာနေကိုယ်စားလှယ် Mr.Mohamed S. Abdel-Ahad သည် မေ ၁၂ ရက် နံနက် ၁၀ နာရီတွင်လည်းကောင်း၊ IOM Mission in Myanmar မှ Chief of Mission Ms.Mariko Tomiyama သည် နံနက် ၁၁ နာရီတွင် လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာစင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr. Robert Chua Hian Kong သည် နံနက် ၁၁နာရီခွဲတွင် လည်းကောင်း နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာ၌ UNFPA မှ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများတွင် မျိုးဆက်ပွား ကျန်းမာရေး လုပ်ငန်းများ၊ မိခင်နှင့်ကလေးကျန်းမာရေး၊ AIDS ရောဂါကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းများအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများကို လည်းကောင်း၊ IOM နှင့် ဆွေးနွေးရာတွင် ရွှေ့ပြောင်းလုပ်သားများ ကူးစက်ရောဂါ၊ ခုခံကျ ကာလသားရောဂါကာကွယ်ရေး လုပ်ငန်းများ၊ မျိုးဆက်ပွား ကျန်းမာရေး လုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ရောဂါကာကွယ်ရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းကိစ္စရပ်များကိုလည်းကောင်း၊ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဆွေးနွေးရာတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ အထောက်အပံ့ပေးသည့် အစီအစဉ်များတွင် ဆေးပညာဆိုင်ရာ အထူးပြုဘာသာရပ်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများအား လက်တွေ့ကျွမ်းကျင်မှုလုပ်ငန်း ကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ရန်ရှင်းလမ်း ရွှေအုန်းပင်အိမ်ရာနေ ဦးအောင်မြင့်ဗိုလ်၊ ဒေါ်ကြူကြူမောင် မိသားစုက ထာဝရ အထွေထွေပဒေသာပင်အတွက် ငွေကျပ် နှစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အမှုဆောင်စာရင်းစစ် ဦးစိုးညွန့်ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

အခြေခံယာဉ်မောင်းသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၄

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတပ်ရင်းများ ကွပ်ကဲမှု အစီအစဉ်ဖြင့် ဖွင့်လှစ်သော အခြားအဆင့်တပ်ဖွဲ့ဝင်များ ယာဉ်မောင်းသင်တန်း အမှတ်စဉ်(၁/၂၀၁၁)ဖွင့်ပွဲကို မေ ၉ ရက် နံနက် ၉နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၆) ရပ်ကွက်ရှိ သီရိမြိုင် ယာဉ်မောင်းသင်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူးရုံးမှ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီးမြင့်စိန် တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

သင်တန်းဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ ရဲတပ်ရင်းမှူးများ၊ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ဌာနခွဲမှူးများ၊ နယ်မြေမှူးများနှင့် သင်တန်းသား ၁၀၀တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် မေ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ တရုတ်တပ်မတော်အထူး လေယာဉ်ဖြင့် ရောက်ရှိလာကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ တပ်မတော်အရာရှိကြီးများနှင့် ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း လိုက်ပါလျက် နယ်မြေခံတပ်ရင်းသို့ သွားရောက်ကြပြီး နယ်မြေခံတပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

ထို့နောက် ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိပြီး စေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြည်ညို၍ အလှူငွေများ ပေးအပ်လှူဒါန်းကာ စေတီတော်အား လက်ယာရစ် လှည့်လည်ကြည်ညိုသည်။

(သတင်းစဉ်)

လှည့်လည်ကြည်ညို

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou နှင့်အဖွဲ့ ရွှေတိဂုံစေတီတော်အား လှည့်လည်ကြည်ညိုစဉ်။

(သတင်းစဉ်)

နိုင်ငံတစ်ဝန်း ရောဂါဖြစ်ပွားသေဆုံးမှုများ ထိရောက်စွာ လျှော့ချနိုင်ခဲ့ မြန်မာနိုင်ငံတွင် ပိုလီယိုရောဂါ လုံးဝကင်းစင်အောင် ချမှတ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၄

၁၉၈၈ ခုနှစ်မှ စတင်ကာ ပိုလီယို အကြောသေရောဂါ ကမ္ဘာပေါ်မှ ပပျောက်စေရန် နည်းလမ်းများ ဖော်ထုတ်၍ ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် ၁၉၈၈ ခုနှစ်က နေ့စဉ် ပိုလီယိုရောဂါ ကူးစက်သူပေါင်း ၁၀၀၀ ခန့် ရှိနေခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်၌ နေ့စဉ်ကူးစက်ခံရသူပေါင်း ၁၀ ဦးခန့်အထိ လျော့ကျသွားခဲ့ကြောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကမ္ဘာပေါ်တွင် သတ်မှတ်ထားသော ဒေသကြီး ခြောက်ခုအနက် ဒေသကြီး သုံးခုတွင် ပိုလီယိုရောဂါ ကင်းစင်ခဲ့ပြီးဖြစ်ကြောင်း၊ ပိုလီယိုအကြောသေရောဂါ ကင်းစင်စေရန် စတင်ဆောင်ရွက်ခဲ့သည့် အချိန်က နိုင်ငံပေါင်း ၁၂၅ နိုင်ငံတွင် ရောဂါ ဖြစ်ပွားသူပေါင်း ၃၅၀၀၀၀ ရှိခဲ့ရာမှ ၂၀၁၀ ခုနှစ်တွင် ရောဂါဖြစ်ပွားသူ ၁၂၉၂ ဦးသာရှိတော့ကြောင်း။

မြန်မာနိုင်ငံ၌ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများ ကာကွယ်နှိမ်နင်းရန် ကျန်းမာရေးဝန်ကြီးဌာနက ၁၉၇၈ ခုနှစ်မှ စတင်၍ ကာကွယ်ဆေးထိုးလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ယခုအခါ ပိုလီယို၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် တီဘီ၊ ဦးနှောက်အမြှေးရောင်၊ ဝက်သက်၊ အသည်းရောင်အသားဝါ(ဘီ) စသည့် ရောဂါ(၇)မျိုးအတွက် နိုင်ငံတစ်ဝန်းရှိ အသက်တစ်နှစ်အောက် ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိသည့်အတွက် ရောဂါဖြစ်ပွား သေဆုံးမှုများကို ထိရောက်စွာ လျှော့ချနိုင်ခဲ့ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခဲ့ရာတွင် ပိုလီယို အကြောသေ ရောဂါကို ကမ္ဘာပေါ်မှ လုံးဝကင်းစင် ပပျောက်သွားအောင် ဆောင်ရွက်နေသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း ပိုလီယိုရောဂါ လုံးဝကင်းစင်အောင် ကျန်းမာရေးဝန်ကြီးဌာနက နည်းဗျူဟာများ ချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၁၁ ခုနှစ် ဒေသအလိုက် အမျိုးသား ကာကွယ်ဆေးတိုက်နေ့များကို ပထမအကြိမ်အဖြစ် မေ ၁၄ ရက်မှ ၁၅ ရက်အထိ၊ ဒုတိယအကြိမ်အဖြစ် ဇွန် ၁၁ ရက်မှ ၁၂ ရက်အထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုရှိ မြို့နယ်ပေါင်း ၁၂၆ မြို့နယ် အတွင်းရှိ အသက်(၅)နှစ်အောက် ကလေးပေါင်း ၂ ဒသမ ၉ သန်းကျော်အား ပိုလီယို ရောဂါကာကွယ်ဆေး တိုက်ကျွေးသွားမည်ဖြစ်ကြောင်းဖြင့် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဒေသအလိုက် အမျိုးသား ကာကွယ်ဆေးတိုက်နေ့များ (၂၀၁၁)ဖွင့်ပွဲ အထိမ်းအမှတ် အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုး၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ WHO၊ UNICEF နှင့် အလှူရှင် အဖွဲ့အစည်းများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် "ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ၂၀၁၁" အထိမ်းအမှတ်ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုပြီး ကလေးငယ်များအား ပိုလီယိုရောဂါ ကာကွယ်ဆေးများ တိုက်ကျွေးကြကာ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၁၁) ဖွင့်ပွဲ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် ဒေသအလိုက် အမျိုးသား ကာကွယ်ဆေးတိုက်နေ့များ (၂၀၁၁) ဖွင့်ပွဲ အထိမ်းအမှတ် အခမ်းအနားတွင် ကလေးငယ်များအား ပိုလီယိုရောဂါ ကာကွယ်ဆေး တိုက်ကျွေးစဉ်။

(သတင်းစဉ်)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် မေ ၁၄

ဒေါက်တာဉာဏ်မြင့်သည် ကစားဖော်များ ဖြစ်ကြသော ဗိုလ်မှူး လှကြည်(ငြိမ်း)၊ ဦးမျိုးညွှန့်၊ ဦးမျိုးချစ်၊ ဦးစိုင်းသိန်းမောင် တို့နှင့်အတူ မေ ၆ ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်ရိုက်ကစားကြရာ Srixon Soft Feel No(2)ဘောလုံးကို Nike (CCI) Iron No(9)တုတ်ဖြင့် ရိုက်ရာ ၁၃၂ ကိုက်ရှိ ကျင်းအမှတ်(၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ ယခုအကြိမ်သည် ဒေါက်တာဉာဏ်မြင့် အနေဖြင့် စတုတ္ထအကြိမ်မြောက် တစ်ချက်တည်းကျင်းဝင်ခြင်းဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၅-၂၀၁၁ (တနင်္ဂနွေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ဝိပဿနာအဆင်တန်ဆာ" တရားတော်
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နှေးထွေးသောမေတ္တာ" (အပိုင်း-၄)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၆၂)**
၈း၅၀	စာပန်းအိမ်၏သမိုင်းသစ်
၉း၀၅	အရွယ်မရွေးလှပစေဖို့. . .
၉း၂၅	လွယ်ကူသက်သာစားစရာ "သကြား Puff ပြုလုပ်နည်း"
၉း၃၅	Sunday Talk
၁၀း၁၅	ရေသန့်ဆိုသည်မှာ. . .
၁၀း၃၀	ဗီဒီယိုပြခန်း
၁၀း၅၀	ဈေးဝယ်လမ်းညွှန်
၁၁း၂၀	နုယဉ်ဆန်းထွင်ပန်းအလှဆင်
၁၁း၅၀	Sports Diary
၁၂း၁၀	"ဝ"တာတကယ်လှလို့လား ကျန်းမာရေးစကားဝိုင်း (အပိုင်း-၂)
၁၂း၂၅	ရန်ကုန်မြင်ကွင်းကျယ်
၁၂း၄၀	အရှက်ဦးမှာ အလှဆင်စရာ ခန်းစီးလိုက်ကာများ
၁း၀၀	"ဝိပဿနာအဆင်တန်ဆာ" တရားတော်
၂း၀၀	MRTV-4 သတင်း
၂း၂၀	စကားနပန်း
၃း၁၅	BIFF & BIL 2011 MYANMAR SHOW
၃း၄၅	Activities In The City
၄း၁၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၆၂)**
၅း၀၀	FMF Selection
၅း၃၅	ဂဏန်းသင်္ချာပျော်စရာ
၆း၀၀	MRTV-4 သတင်း
၆း၂၀	Global Panorama
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နှေးထွေးသောမေတ္တာ" (အပိုင်း-၅)**
၇း၃၅	သွားမယ်စားမယ်
၈း၀၀	MRTV-4 သတင်း
၈း၃၀	MRTV-4 နှစ်ပတ်လည်ဂုဏ်ပြု အစီအစဉ်
၈း၄၅	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ
၉း၀၀	Kid's Show
၉း၃၀	Barclays Premier League (Birmingham Vs Fulham)
၁၁း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၆၃)**
၁၂း၂၀	အများမြင်စရာနှစ်ပါးသဘင်မဟာ
၁၂း၅၀	နှေးထွေးသောမေတ္တာအိမ်ကလေး (ခိုင်ခန့်၊ အောင်ခိုင်၊ ဝါဝါအောင်) [ဒါရိုက်တာ-ဝင်းမောင်ရွှေ(Art)]
၁း၁၅	Shooting Location
၁း၃၅	စားဖွယ်အဖုံဖုံမုန့်မျိုးစုံ
၁း၄၅	လှပချစ်စရာ လက်မှုအနုပညာ
၂း၁၅	ရလဒ်ကောင်းများနှင့် Organic
၂း၂၅	ဒို့တိုင်းဌာနီဇရာဝတီ
၃း၀၀	မြန်မာတို့၏စွဲမက်ဖွယ်ရာ ထိုးမုန့်၊ လမုန့်အရသာ
၃း၁၀	ရွှေအလင်းအိမ်မှသည် ကားပိုင်ရှင်များဆီသို့
၃း၂၅	ရောင်စုံရသနီယွန်ည
၃း၅၅	လွန်းတင်သည့်ကြိုး
၄း၁၅	ကလေးတေးသရုပ်ဖော်အစီအစဉ် (မေမေ၊ ဖေဖေ)
၄း၃၀	ကြည်ညိုဖူးမြော် ပုပ္ပားတောင်ကလပ်စေတီတော်
၄း၄၅	ရွှေကျင်မြေတွင် တည်ထားပူဇော် ဆံတော်ရှင်အရှေ့မဟာဗုဒ္ဓ ဘုရားကြီး(ခေါ်)မွေတော်မွန် ဓရော်ဇေတီတော်
၅း၀၀	အစီအစဉ်ပြီး။

စင်ကာပူနိုင်ငံကို ထူထောင်ခဲ့သူ လီကွမ်ယူ အစိုးရအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်

စင်ကာပူ မေ ၁၄

စင်ကာပူနိုင်ငံကို ထူထောင်ခဲ့သူ စင်ကာပူနိုင်ငံ၏ဖခင်ကြီး လီကွမ်ယူသည် စင်ကာပူအစိုးရအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်လိုက်ပြီး ခေါင်းဆောင်မှုတာဝန်ကို ၎င်း၏သားဖြစ်သူလက်ရှိ စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းအား လွှဲပြောင်းပေးလိုက်ပြီ ဖြစ်သည်။

နုတ်ထွက်ခဲ့

လက်ရှိအာဏာရ ပါတီအနေဖြင့် ၁၉၆၅ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံးသော ရွေးကောက်ပွဲရလဒ်များ ရရှိခဲ့ပြီးနောက် အစိုးရအဖွဲ့ဝင်အဖြစ်မှ မစ္စတာလီကွမ်ယူ နုတ်ထွက်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။

မစ္စတာလီနှင့်အတူ အစိုးရအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခဲ့သည့် ဝန်ကြီးချုပ်ဟောင်း ဂိုချောက်တောင်တို့နှစ်ဦး ပူးတွဲထုတ်ပြန်သည့် ကြေညာချက်တွင် စင်ကာပူနိုင်ငံကို ဦးဆောင်ရန် ပျိုရွယ်သောမျိုးဆက်သစ်များအတွက် အချိန်အခါ ကျရောက်လာပြီဟု ဖော်ပြထားသည်။

အသက်(၈၇)နှစ်အရွယ်ရှိ မစ္စတာလီကွမ်ယူသည် ၁၉၅၉ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ ဝန်ကြီးချုပ် တာဝန်ကို ထမ်းဆောင်ခဲ့ပြီး မစ္စတာဂိုချောက်တောင်မှာ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းမှ ၂၀၀၄ ခုနှစ်အထိ ဝန်ကြီးချုပ်တာဝန်ကို ထမ်းဆောင်ခဲ့သည်။

မစ္စတာလီကွမ်ယူသည် ဝန်ကြီးချုပ်တာဝန်စွန့်လွှတ်ခဲ့ချိန်မှစ၍ စင်ကာပူအစိုးရအဖွဲ့တွင် ဝါရင့်ဝန်ကြီးတာဝန်ယူခဲ့ပြီး မစ္စတာဂိုချောက်တောင်သည်လည်း ၂၀၀၄ ခုနှစ်မှ ယခုနုတ်ထွက်ချိန်အထိ အထက်တန်းဝန်ကြီးတာဝန်ဖြင့် စင်ကာပူအစိုးရအဖွဲ့တွင် ပါဝင်ခဲ့သည်။

၎င်းတို့နှစ်ဦးသည် ယခုနှစ် မေ ၇ ရက်တွင် ကျင်းပသော အထွေထွေရွေးကောက်ပွဲတွင် အမတ်များအဖြစ် ရွေးချယ်ခံခဲ့ကြရသေးသည်။ ***အင်တာနက်။***

အာဖဂန်နစ္စတန်တွင် နေတိုးတပ်ဖွဲ့ဝင်နှစ်ဦးကို ရဲဝတ်စုံဝတ်ထားသူက ပစ်သတ်

ကဘူး မေ ၁၄

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ သောကြာနေ့က ရဲတပ်ဖွဲ့ဝတ်စုံဝတ်ထားသူတစ်ဦးက မြောက်အတ္တလန္တိတ်စာချုပ် (နေတိုး)တပ်ဖွဲ့ဝင်နှစ်ဦးကို မေ ၁၃ ရက်က ပစ်သတ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဤပစ်ခတ်မှုသည် လုံခြုံရေးတပ်ဖွဲ့ဝတ်စုံ ဝတ်ထားသည့် သေနတ်သမားများက နေတိုးတပ်ဖွဲ့ကို ပစ်မှတ်ထား၍ တိုက်ခိုက်မှုတွင် နောက်ဆုံးဖြစ်ရပ်ဖြစ်သည်။

လွန်ခဲ့သည့်လက ကဘူးလေဆိပ်၌ အာဖဂန်စစ်ပြန် လေယာဉ်မှူးတစ်ဦးက တိုက်ခိုက်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင် ရှစ်ဦးနှင့် အရပ်သားကန်ထရိုက်တာတစ်ဦးတို့ သေဆုံးခဲ့သည်။

ထိုသေနတ်သမားသည် တာလီဘန်တို့အတွက် အလုပ်လုပ်ပေးနေသူဖြစ်ကြောင်း တာလီဘန်အဖွဲ့က ကြေညာသည်။

နေတိုးတပ်ဖွဲ့ဝင်နှစ်ဦး အပစ်ခံရစဉ်က ၎င်းတို့သည် ဟဲလ်မန်းမြို့ ရဲတပ်ဖွဲ့ ခြံဝင်းအတွင်း၌ရှိနေခိုက်ဖြစ်ကြောင်း နေတိုးကြေညာချက်တွင် ဖော်ပြသည်။ ***အင်တာနက်။***

မြေကမ္ဘာလေ့လာရေးဂြိုဟ်တုတစ်စင်းကို သက်မဲ့ဂြိုဟ်တုအဖြစ် ဂျပန်ကြေညာ

တိုကျို မေ ၁၄

အဖြေရှာမရနိုင်သော အကြောင်းတရားတစ်ရပ်ကြောင့် ပြီးခဲ့သည့်ရက်သတ္တသုံးပတ်ခန့်က ဓာတ်အားပေးစနစ်ပျက်စီးခဲ့ရသည့် ဒိုင်ချီအမည်ရှိ ဂျပန်နိုင်ငံ၏ မြေကမ္ဘာလေ့လာရေးဂြိုဟ်တုသည် သက်မဲ့ဂြိုဟ်တုတစ်လုံးအဖြစ် ကမ္ဘာပတ်လမ်းကြောင်းအတွင်း မျောလွင့်နေခဲ့ပြီဖြစ်ကြောင်း ဂျပန်အာကာသအေဂျင်စီက မေ ၁၂ ရက်တွင် ပြောကြားခဲ့သည်။

အဆင့်မြင့်နည်းပညာသုံး မြေကမ္ဘာလေ့လာရေးဂြိုဟ်တု (အေအယ်လ်အိုအက်စ်)အဖြစ် လူသိများသည့် ဒိုင်ချီဂြိုဟ်တုသည် မဖော်ပြနိုင်သော အဖြစ်အပျက်တစ်ရပ်ကြောင့် ဧပြီ ၂၂ ရက်မှစ၍ ဓာတ်အားပေးစနစ်ပျက်စီးခဲ့ရသည်။

ဂျပန်အာကာသ စူးစမ်းလေ့လာရေး အေဂျင်စီ (ဂျေအေအိတ်စ်အေ)သည် ဒိုင်ချီဂြိုဟ်တုနှင့် အဆက်အသွယ်ပြန်လည်ရရှိရန် ကြိမ်ဖန်များစွာ ကြိုးပမ်းခဲ့သော်လည်း အချည်းနှီးဖြစ်ခဲ့ရသောကြောင့် ယင်းဂြိုဟ်တုကို စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဂျပန်ဘာသာအားဖြင့် မြေကမ္ဘာဟုအမည်ရသည့် ဒိုင်ချီဂြိုဟ်တုသည် ဘက်စုံသုံး ကမ္ဘာမြေလေ့လာရေး ဂြိုဟ်တုဖြစ်ပြီး ကမ္ဘာ့မြေပုံရေးဆွဲခြင်း၊ ကမ္ဘာမြေရှိသယံဇာတများကို လေ့လာထောက်လှမ်းခြင်းနှင့် သစ်တောပြုန်းတီးမှုကဲ့သို့သော မြေပြင်ပြောင်းလဲမှုများ ထောက်လှမ်းရာတွင် အထောက်အကူပြုခဲ့သည်။

ဒိုင်ချီဂြိုဟ်တုသည် ၎င်း၏ငါးနှစ်တာသက်တမ်းအတွင်း ကမ္ဘာမြေ၏ဓာတ်ပုံပုံရိပ် ၆ ဒသမ ၅ သန်းကို ရိုက်ကူးပေးပို့နိုင်ခဲ့ပြီး ကမ္ဘာတစ်ဝန်းဖြစ်ပွားခဲ့သော သဘာဝကပ်ဘေးများကိုလည်း လေ့လာထောက်လှမ်းနိုင်ခဲ့သည်။

ဒိုင်ချီဂြိုဟ်တု အဘယ်ကြောင့် ဓာတ်အားပေးစနစ်ပျက်စီးခဲ့ရသည်ကို ဆက်လက်စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း ဂျပန်အာကာသစူးစမ်းလေ့လာရေးအေဂျင်စီက ပြောကြားခဲ့သည်။ ***အင်တာနက်။***



ကနေဒါကမ်းရိုးတန်းစောင့်တပ်ဖွဲ့မှ ရေခဲခွဲသင်္ဘောတစ်စင်းကို အာတိတ်ဒေသ၌ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာတိတ်ဒေသ၌ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်း နိုင်ငံများ ညှိနှိုင်းဆောင်ရွက်ရန် သဘောတူညီ

နယူးအတ်(ဂရင်းလန်ကျွန်း) မေ ၁၄

မြောက်ဝင်ရိုးစွန်းရှိ အာတိတ်ဒေသ၌ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် နိုင်ငံများအကြား ညှိနှိုင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို အမေရိကန်၊ ရုရှားနှင့် အခြားသောနိုင်ငံများ ရရှိခဲ့ကြကြောင်း ယနေ့သတင်းတွင်ဖော်ပြသည်။

အာတိတ်ဒေသသည် သဘာဝအရင်းအမြစ်များ တည်ရှိနေခြင်းနှင့် စစ်ရေးအရ မဟာဗျူဟာကျခြင်းတို့ကြောင့် ကမ္ဘာ့နိုင်ငံများအကြား မျက်စိကျနေသောဒေသတစ်ခုဖြစ်သည်။ ယခုကဲ့သို့ သဘောတူညီချက်ရရှိခြင်းဖြင့် ယင်းဒေသ၌ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရန် ပထမခြေလှမ်းအဖြစ် ရှုမြင်ရသည်။

အဖွဲ့ဝင် ရှစ်နိုင်ငံပါဝင်သော အာတိတ်ကောင်စီက အာတိတ်ဒေသရှာဖွေရေးနှင့် ကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်း၌ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။

ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုကြောင့် အာတိတ်ဒေသ၌ သင်္ဘောသွားလာရေးဆိုင်ရာ ရေကြောင်းလမ်းသစ်များ ပေါ်ထွန်းလာသည့်အပြင် ငါးဖမ်းရန်နေရာများလည်းရှိလာသည်။ ထို့အပြင် ရေနံနှင့်ဓာတ်ငွေ့ရှာဖွေတူးဖော်နိုင်သော အခွင့်အလမ်းများလည်း ပေါ်ထွန်းလာသည်။

အာတိတ်ဒေသရှိ နယ်မြေအများအပြားကို မိမိပိုင်ဆိုင်သည်ဟု ရုရှားနိုင်ငံက ယခင်က ထုတ်ပြန်ကြေညာခဲ့ဖူးသည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် အာတိတ်ဒေသ၏ သဘာဝပတ်ဝန်းကျင်ပြောင်းလဲလာရာ ကမ္ဘာ့နိုင်ငံများက ယင်းဒေသမှ စီးပွားရေးအကျိုးအမြတ်များရယူရန် ဦးတည်လှုပ်ရှားလာကြသည်။

အာတိတ်ဒေသ၏ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ထိခိုက်စေခြင်းမရှိဘဲ ယင်းဒေသ၌ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ သင်္ဘောသွားလာရေးလုပ်ငန်းတို့ကို ကမ္ဘာ့နိုင်ငံများ ဆောင်ရွက်လာကြမည်ဖြစ်ကြောင်း အာတိတ်ကောင်စီ၏ သဘောတူညီချက်တွင် ဖော်ပြသည်။

အာတိတ်ကောင်စီတွင် အဖွဲ့ဝင်နိုင်ငံများအဖြစ် အမေရိကန်၊ ရုရှား၊ ကနေဒါ၊ နော်ဝေ၊ ဆွီဒင်၊ ဖင်လန်၊ ဒိန်းမတ်နှင့် အိုက်စလန်နိုင်ငံတို့ပါဝင်ကြသည်။

အာတိတ်ဒေသ၌ စစ်ရေးအရလွှမ်းမိုးရန် ကမ္ဘာ့နိုင်ငံများက ဦးတည်လျက်ရှိရာ အနာဂတ်ကာလတွင် အာတိတ်ဒေသဆိုင်ရာ အမျိုးသားလုံခြုံရေးကိစ္စရပ်များကိုဆွေးနွေးညှိနှိုင်းလာကြမည်ဟု မျှော်လင့်ရသည်။ ***အင်တာနက်။***

အာဖဂန်နစ္စတန်ရှိ တောင်ကိုရီးယား စစ်စခန်းအနီး ဒုံးကျည်တစ်လုံး ကျရောက်ပေါက်ကွဲမှု ဖြစ်ပွား

ဆိုးလ် မေ ၁၄

အာဖဂန်နစ္စတန်နိုင်ငံရှိ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ၏ စခန်းအနီး၌ မေ ၁၄ ရက်အစောပိုင်းက ဒုံးကျည်တစ်လုံး ကျရောက်ပေါက်ကွဲခဲ့ကြောင်း ယွန်ဟက်သတင်း အေဂျင်စီက တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကားလျက် သတင်းထုတ်ပြန်သည်။

တောင်ကိုရီးယားစစ်စခန်းအနီး အာရ်ပီဂျီ-၇ ဒုံးကျည် ကျရောက်ပေါက်ကွဲခဲ့သော်လည်း ထိခိုက်သူမရှိပေ။

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ပါဝန်ပြည်နယ် ချာရီကာမြို့ရှိ တောင်ကိုရီးယားစစ်စခန်းကို ယခုနှစ်အတွင်း ခုနစ်ကြိမ်မြောက် တိုက်ခိုက်ခြင်းဖြစ်သည်။

အဆိုပါ စစ်စခန်းမှ မီတာ ၂၀၀ ခန့်သာကွာဝေးသော နေရာသို့ ဒုံးကျည်ကျရောက်ပေါက်ကွဲခဲ့သည်။

အာဖဂန်နစ္စတန်ရှိ စစ်စခန်း၌ တောင်ကိုရီးယား တပ်ဖွဲ့ဝင် ၂၇၀ ခန့် အကူအညီပေးရေးလုပ်သားများနှင့် ရဲတပ်ဖွဲ့ဝင် ၉၀ ခန့်ရှိနေသည်။ ယင်းတိုက်ခိုက်မှုသည် အကြမ်းဖက်သမားများ၏ လက်ချက်ဖြစ်နိုင်သည်ဟု တောင်ကိုရီးယားတာဝန်ရှိသူများက ပြောကြားသည်။ **အင်တာနက်။**

အာဖဂန်နစ္စတန်နိုင်ငံ ချာရီကာမြို့ရှိ တောင်ကိုရီးယားစစ်စခန်း၌ လုံခြုံရေးစောင့်ကြပ်နေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကမ္ဘာ့ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံအရေအတွက် ထက်ဝက်လျှော့ချမည်ဟု ကုလသမဂ္ဂကြေညာ

အစ္စတန်ဘူလ် မေ ၁၄

ဆယ်စုနှစ်တစ်စုအတွင်း အကူအညီအမြောက်အမြား ပေးအပ်ခြင်း၊ ဈေးကွက်လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းတို့ဖြင့် ကမ္ဘာ့ဖွံ့ဖြိုးမှုအနည်းဆုံး(အယ်လ်ဒီစီအက်စ်)နိုင်ငံပေါင်း ၄၈ နိုင်ငံအား ၂၄ နိုင်ငံသို့ ထက်ဝက်လျှော့ချမည့် စီမံကိန်းတစ်ရပ်ကို မေ ၁၃ ရက်တွင် ကုလသမဂ္ဂက ထုတ်ပြန်ကြေညာသည်။

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ကာလအတွင်း ဆောင်ရွက်မည့်အစီအစဉ်တွင်လည်းကောင်း၊ အစ္စတန်ဘူလ်၏ကြေညာချက်တွင်လည်းကောင်း အရေးကြီးဆုံးအချက်ဖြစ်သည့် ယင်းစီမံကိန်းကို အစ္စတန်ဘူလ်တွင်ကျင်းပသည့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများဆိုင်ရာ ကုလသမဂ္ဂညီလာခံက အတည်ပြုခဲ့သည်။

ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ ၄၈နိုင်ငံတွင် လူဦးရေသန်း ၈၈၀ နေထိုင်၍ ၎င်း၏ထက်ဝက်သည် လုံးဝဆင်းရဲမွဲတေလျက် ရှိသည်။

အဆိုပါအစီအစဉ်၌ အဓိကအခန်းကဏ္ဍများအဖြစ် ကုန်ထုတ်လုပ်မှုစွမ်းအား၊ အခြေခံအဆောက်အအုံများ၊ စွမ်းအင်၊ သိပ္ပံ၊ နည်းပညာ၊ တီထွင်မှု၊ ပုဂ္ဂလိကပိုင်းဆိုင်ရာ တိုးတက်မှု၊ စိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး တို့ကို ဖော်ပြထားသည်။

ယင်းတို့အပြင် ကူးသန်းရောင်းဝယ်ရေး၊ ကုန်ပစ္စည်း၊ လူသားနှင့် လူမှုရေးတိုးတက်မှု၊ ပညာရေးနှင့် လေ့ကျင့်သင်ကြားပေးရေး၊ လူဦးရေနှင့် ကျန်းမာရေး၊ လူငယ်များဖွံ့ဖြိုးမှု၊ စောင့်ရှောက် ကာကွယ်မှု၊ ရေနှင့် သန့်ရှင်းရေးတို့နှင့် ကျားနှင့်မ အချိုးညီမျှမှုတို့ကိုလည်း ထည့်သွင်းထားသည်။

ငါးရက်ကြာကျင်းပသည့် ညီလာခံ၏အဓိက အောင်မြင်မှု ရရှိသည့်အချက်မှာ ဖွံ့ဖြိုးပြီးနိုင်ငံများက ၎င်းတို့၏ အမျိုးသားဝင်ငွေ၏ သုည ဒသမ ၁၅ မှ သုည ဒသမ ၂ ရာခိုင်နှုန်း အယ်လ်ဒီစီနိုင်ငံများသို့ ထောက်ပံ့ရန် သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

၎င်းတို့၏အကူအညီများကို အသစ်ရေးဆွဲခဲ့သော ၁၀နှစ် စီမံကိန်း၏အောက်တွင် တရားဝင်ဖွံ့ဖြိုးရေး အထောက်အကူ(အိုဒီအေ)မှတစ်ဆင့် အယ်လ်ဒီစီနိုင်ငံများသို့ ပေးအပ်မည်ဖြစ်သည်။ ***ဆင်ဟွာ။***

အမြို့မြို့အနယ်နယ်သတင်းများ

မိုးညိုမြို့နယ်တွင် ဂုန်လျှော်နှင့် ချဉ်ပေါင်လျှော် ဧက ၇၀၀၀ ကျော်လွန်အောင် စိုက်ပျိုးမည်

မိုးညို မေ ၁၄

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) မိုးညိုမြို့နယ်တွင် ၂၀၁၀-၂၀၁၁ ခုနှစ် ဂုန်လျှော်နှင့် ချဉ်ပေါင်လျှော်များ စိုက်ပျိုးရန် စီမံကိန်းတာဝန်ပေးအပ်ပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမဆောင်၌ ကျင်းပရာ မိုးညိုမြို့နယ်တွင် စီမံကိန်းလျာထားချက် ဧက ၇၀၀၀ ကျော်လွန်အောင် စိုက်ပျိုးထုတ်လုပ်ရောင်းချသွားမည်ဖြစ်ပြီး အခမ်းအနားတွင် ကျေးရွာ ၂၇ အုပ်စု အတွင်းရှိ ဂုန်လျှော်နှင့် ချဉ်ပေါင်လျှော် စိုက်ပျိုးရောင်းချမည့် တောင်သူများအား တာဝန်ပေးအပ်ခဲ့ကြောင်းသိရသည်။ **(အပေါ်ပုံ)**

(၅၀၈)

ဝက်နားရွက်ပြာနှင့် ကျွဲနွားရောဂါဟောပြော

တိုက်ကြီး မေ ၁၄

တိုက်ကြီးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ဝက်နားရွက်ပြာရောဂါနှင့် ကျွဲနွားကူးစက်ရောဂါများအကြောင်း ဟောပြောပွဲကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၁၃ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်က အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ် ဦးစီးဌာနမှူး ဦးအောင်ကျင်က ဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာကြည်ဝင်းနှင့် ဒေါက်တာဝင်းနိုင်ထွန်းတို့က ဝက်နားရွက်ပြာရောဂါနှင့် ကျွဲနွားကူးစက်ရောဂါများအကြောင်း ဟောပြောခဲ့ကြောင်း သိရှိရသည်။

(၅၂၆)

သထုံမြို့နယ် ထွေ/အုပ် ပညာသင်ထောက်ပံ့ကြေးပေးအပ်

သထုံ မေ ၁၄

၂၀၁၁-၂၀၁၂ပညာသင်နှစ်အတွက် သထုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဝန်ထမ်း သား၊ သမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၁ ရက်က သထုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ဝန်ထမ်း ၁၉ ဦးတို့၏ တက္ကသိုလ်အဆင့်၊ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်တို့တွင် ပညာသင်ကြားနေသော သား၊ သမီး ၃၁ ဦးနှင့် တက္ကသိုလ်တွင် ပညာသင်ကြားနေဆဲ ဝန်ထမ်း ၁၂ ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေးငွေ စုစုပေါင်း ကျပ်၃၈၁၀၀၀ကို မြို့နယ်တာဝန်ရှိသူများက ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

(ခရိုင်ပြန်/ဆက်)

ရေစကြိုမြို့နယ်တွင် နှမ်းစပါးစိုက်ဧကတိုး

ရေစကြို မေ ၁၄

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် နိုင်ငံတော်မှ တည်ဆောက်ပေးထားသော လျှပ်စစ်မြစ်ရေတင်နှင့် ဆည်များ၏ အကျိုးကြောင့် နွေစပါးစိုက်ပျိုးနိုင်မှုမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်စိုက်ပျိုးနိုင်ခဲ့သည်။ ရေစကြိုမြို့နယ်၏ ၂၀၁၀-၂၀၁၁ ခုနှစ် နွေစပါးကို ရေရရှိရေးနည်းလမ်းအလိုက် စိုက်ပျိုးနိုင်မှုမှာ ၂၀၁၀-၂၀၁၁ ခုနှစ် နွေစပါးစိုက်ပျိုးရန် ၅၈၄၅ဧက လျာထားမှုအပေါ် ရာသီကုန်စိုက်ပျိုးပြီးစီးမှုမှာ ၅၉၃၂ ဧကအထိ လျာထားချက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ခြင်း၊ တိုင်းဒေသကြီး၊ ခရိုင်(စိုက်/ညှိ) အဖွဲ့များအနေဖြင့် စိုက်ပျိုးရာသီအတွင်း မကြာခဏကွင်းဆင်းကူညီမှုပြု တွန်းအားပေးခဲ့ခြင်း၊ မြို့နယ် (စိုက်/ညှိ)အဖွဲ့များအနေဖြင့်လည်း သက်ဆိုင်ရာဇုန်နယ်မြေများအလိုက် ရှေ့တန်းစခန်းများ၌ အခြားဌာနဆိုင်ရာဝန်ထမ်းများပါ ပူးပေါင်းပါဝင်စေ၍အဖွဲ့များဖွဲ့စည်းလျက် စခန်းချနေထိုင်ကြပြီး သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ ပူးပေါင်းအားကိုရယူကာ အနီးကပ်ကြီးကြပ်ဆောင်ရွက်ခြင်း၊ တောင်သူများ ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းများကြောင့် လျာထားချက်ထက်ပိုမို တိုးတက် စိုက်ပျိုးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(၃၇၄)

ဝေါမြို့နယ် မြဟော၀န်ပန်းဥယျာဉ်အတွင်း သာယာလှပရေးအတွက် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုနှင့် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုတို့ကို ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့် ကြည့်ရှုစစ်ဆေးစဉ်။ (ကြေးမုံ)

ဘိုးဘွားများအား ပူဇော်ကန်တော့

စစ်ကိုင်း မေ ၁၄

စစ်ကိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးဝင်း၊ ရပ်ကွက်အသင်းဥက္ကဋ္ဌ ဒေါ်ငွေငွေနှင့် အသင်းဝင်များက မေ ၅ ရက်က ပိုးတန်းရပ်ကွက်ရှိ အဘိုးအဘွား ၁၀၀ တို့အား တစ်ဦးချင်းထံသို့ အလှူငွေများဖြင့် ပူဇော်ကန်တော့ကြကြောင်း သိရသည်။

(၅၃၁)

ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် မြို့တွင်းပလက်ဖောင်းများ ပြုပြင်ဆောင်ရွက်ကြစဉ်။

(ကြေးမုံ)

သုတေသနသိပ္ပံသတင်း သုတေသနသိပ္ပံသတင်း သုတေသနသိပ္ပံသတင်း

အန်ဒိုဆာလ်ဖင်းပိုးသတ်ဆေး၏ ဆိုးကျိုးလျော့လာရန် သုံးစွဲမှုနှစ်လတာပိတ်ပင်

နယူးဒေလီ မေ ၁၄

အိန္ဒိယနိုင်ငံတစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲလျက်ရှိသော စိုက်ပျိုးရေးလုပ်ငန်းသုံးပိုးသတ်ဆေးတစ်မျိုး၏ လူနှင့် သားရိုင်းတိရစ္ဆာန်များအပေါ် ဆိုးကျိုးသက်ရောက်မှုရှိပုံအားလျော့လာရန် ယင်းပိုးသတ်ဆေးထုတ်လုပ်မှုနှင့် အသုံးပြုမှုတို့ကို အိန္ဒိယနိုင်ငံတရားရုံးတစ်ရုံးက ယာယီပိတ်ပင်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

အန်ဒိုဆာလ်ဖင်းအမည်ရှိ ပိုးသတ်ဆေးသည် အာရုံကြောများကို ထိခိုက်ပျက်စီးစေသောကြောင့် ယင်းပိုးသတ်ဆေးအသုံးပြုမှုအား နိုင်ငံပေါင်း ၈၀ က တားမြစ်ပိတ်ပင်ထားကြောင်းသိရသည်။

လာမည့်နှစ်အနည်းငယ်အတွင်း အန်ဒိုဆာလ်ဖင်းပိုးသတ်ဆေးသုံးစွဲမှုကို တဖြည်းဖြည်း လျှော့ချရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း အခြားသောနိုင်ငံများကလည်း ကြေညာခဲ့ပြီးဖြစ်သည်။

လူနှင့် တိရစ္ဆာန်များအပေါ် သက်ရောက်သည့် အန်ဒိုဆာလ်ဖင်းပိုးသတ်ဆေး၏ဆိုးကျိုးကို ရက်သတ္တရှစ်ပတ်အတွင်း လျော့လာနိုင်ရေးအတွက် ယင်းပိုးသတ်ဆေးသုံးစွဲမှုအား နှစ်လတာပိတ်ပင်ထားရန် အိန္ဒိယတရားရုံးချုပ်က အမိန့်ချမှတ်ခဲ့သည်။

သီးနှံစိုက်ခင်းများကို အန်ဒိုဆာလ်ဖင်းပိုးသတ်ဆေးဖြင့် နှစ် ၂၀ ကျော်မျှ လေကြောင်းမှ ဖျန်းပက်ခဲ့သော အိန္ဒိယနိုင်ငံတောင်ပိုင်း ကာရာလာပြည်နယ်ခရိုင်တစ်ခု၌ လူပေါင်းများစွာ သေဆုံးရခြင်း၊ လူစဉ်မမီသောကလေးများ မွေးဖွားလာခြင်း စသောဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ရသည်ဟုဆိုသည်။

နိုင်ငံပေါင်း ၁၂၅ နိုင်ငံမှ ကိုယ်စားလှယ်များသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ယခုလအတွင်း တွေ့ဆုံခဲ့ပြီး အန်ဒိုဆာလ်ဖင်းပိုးသတ်ဆေးကို ကုလသမဂ္ဂ၏ သဘာဝကို ညစ်ညမ်းပျက်စီးစေသည့် ပိုးသတ်ဆေးစာရင်းထဲ၌ ထည့်သွင်းရန် သဘောတူခဲ့ကြသည်။

ယင်းအပြင် နိုင်ငံတကာကိုယ်စားလှယ်များသည် အန်ဒိုဆာလ်ဖင်းပိုးသတ်ဆေးသုံးစွဲမှုကို ၂၀၁၂ ခုနှစ်နောက်ဆုံးထား၍ ရပ်ဆိုင်းကြရန်လည်း သဘောတူခဲ့ကြသည်။

ကမ္ဘာတစ်ဝန်း စိုက်ပျိုးရေးလုပ်ငန်းများအတွက် ပိုးသတ်ဆေးလိုအပ်ချက် ၇၀ ရာခိုင်နှုန်းကို အိန္ဒိယနိုင်ငံတွင် ထုတ်လုပ်သည်။

အေပီ။

အန်ဒိုဆာလ်ဖင်းပိုးသတ်ဆေး၏ ဆိုးကျိုးဒဏ်ကို ခံစားခဲ့ရသော အိန္ဒိယတောင်သူလယ်သမားများအား တွေ့ရစဉ်။

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

ကုန်တင်ဒိုင်နာတိမ်းမှောက် ယာဉ်ငယ်နှစ်စီးပေါ်ကျရောက်

ရန်ကုန် မေ ၁၄ ။ ။ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း မီးပွိုင့်၌ ယာဉ်တိမ်းမှောက်ပြီး ရပ်ထားသော ယာဉ်နှစ်စီးပေါ်သို့ လဲကျမှု မေ ၁၀ ရက် နံနက်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အနောက်ဘက်မှ အရှေ့ဘက်သို့ ကျိုက္ကဆံလမ်းအတိုင်း ကုန်ပစ္စည်းများတင်ဆောင်၍ မောင်းနှင်လာသော ၁၄ ပေဒိုင်နာယာဉ်သည် ဘရိတ်ပေါက်၍ ၎င်း၏ ရှေ့မှ ကျောက်မြောင်းမီးပွိုင့်တွင် မီးနီ၍ရပ်ထားသော တက္ကစီနှင့် ကိုရိုလာဗင်ကားတို့ကို တိုက်မိမည်စိုးရိမ်၍ ရှောင်တိမ်းစဉ် ပလက်ဖောင်းပေါ်သို့ ရောက်ရှိသွားပြီး အဆိုပါ ယာဉ်နှစ်စီးပေါ်သို့ လဲကျတိမ်းမှောက်သွားခြင်းဖြစ်သည်။ **(အောက်ပုံ)** တိမ်းမှောက်မှုကြောင့် ဘေးတွင် ပိမိနေသည့် ယာဉ်နှစ်စီးပေါ်ရှိ ယာဉ်မောင်းနှင့် ခရီးသည်များ ထိခိုက်ဒဏ်ရာရမှု မရှိကြောင်း သိရှိရပြီး အမှုအား သက်ဆိုင်ရာမှ အရေးယူထားကြောင်း သိရှိရသည်။

(၀၈)

ကားရထား နွားကိုတိုက်ပြီး လမ်းချော်

ဇီးကုန်း မေ ၁၄ ။ ။ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့မှ ပြည်မြို့သို့ ထွက်ခွာလာသော အမှတ် (၆၀၉) အဆန် လူစီးရထားတွဲ သုံးတွဲပါ ကားရထားသည် မေ ၆ ရက် နံနက် ၈ နာရီတွင် ဇီးကုန်းမြို့မှ အထွက် ရထားလမ်း မိုင်တိုင်အမှတ် ၁၁၇/၁၁ နှင့် ၁၁၇/၁၂ အကြားတွင် ရထားလမ်းအား ဖြတ်ကူးသည့် အဖြူရောင်ခိုင်းနွားထီးကြီးအားတိုက်မိပြီး မီးရထားစက်ခေါင်းနှင့်တွဲလျက် LRBT ၁၅၄တွဲ၏ နောက်ဘီးချော်ကျသွားသည်။ နွားမှာ တိုက်မိသည့် အရှိန်နှင့် နေရာတွင်ပင် သေဆုံးသွားပြီး ရထားတွဲပေါ်ပါ ခရီးသည်များမှာ ထိခိုက်မှုတစ်စုံတစ်ရာမရှိဘဲ နွားပိုင်ရှင်အား ပ/၁၂၃/၂၀၁၁ မီးရထား အက်ဥပဒေပုဒ်မ ၁၂၉ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(၂၈၉)

(15-5)05.pmd 1 5/15/2011, 12:54 AM

✤ ကျောဖုံးမှ

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက တက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံမှာကြားရာ၌ မိမိတို့နိုင်ငံနှင့် လူမျိုးသည် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း။

လေ့ကျင့်သင်ကြားရေးဆိုင်ရာ အခြေခံကောင်းများ ရရှိထားပြီးဖြစ်သည့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များအနေဖြင့် မိမိတို့၏ ယဉ်ကျေးမှုအနုပညာအမွေအနှစ်များကို ထိန်းသိမ်းဖော်ထုတ်တီထွင်ပြန့်ပွားအောင် ဆောင်ရွက်ရန်နှင့် ဆရာ၊ ဆရာမများက ကြိုးပမ်းမြေတောင်မြှောက်သင်ကြားပေးပြီး ကျောင်းသား၊ ကျောင်းသူများကလည်း ကြိုးစားသင်ယူကာ မိမိတို့၏ အနုပညာများဖြင့် ပြည်သူလူထုအတွင်း ပျံ့နှံ့ပေါက်မြောက်အောင်မြင်အောင် မျှော်မှန်းချက်ထား ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

မှာကြား

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များအနေဖြင့် ယဉ်ကျေးမှုအနုပညာများနှင့် စပ်လျဉ်း၍ ထိန်းသိမ်းဖော်ထုတ်ရန်၊ ထူးချွန်ပြောင်မြောက်သည့် အနုပညာရှင်များဖြစ်အောင် သင်ကြားလေ့ကျင့်ရန်၊ ယဉ်ကျေးမှုအနုပညာရပ်များကို မြှင့်တင်ဆန်းသစ်သွားရန်နှင့် အနုပညာဖော်ထုတ်တင်ဆက်မှုများကို ပေါင်းစပ်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် မှာကြားခဲ့သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် ပညာအလင်းရောင်စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်များ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပညာအလင်းရောင်စာကြည့်တိုက် ဖွင့်ပွဲကျင်းပ ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် တက်ရောက်အားပေး

ရန်ကုန် မေ ၁၄

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပျဉ်းမကန်စံပြကျေးရွာရှိ ပညာအလင်းရောင်စာကြည့်တိုက်၊ ပျဉ်းမကန်(ဝင်းဝင်း)တံတားနှင့် အဂ္ဂမဟာသဒ္ဓမ္မရံသီ သာသနာ့ဗိမာန်တော်ကြီး ဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာနေရာအသီးသီး၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် တက်ရောက်အားပေးသည်။

ပျဉ်းမကန်စာကြည့်တိုက်မှာ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ကျေးရွာသမဝါယမရုံးခန်း၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဖြစ် စာအုပ် ၁၂၀၀ ခန့်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ကြမ်းခင်းကွန်ကရစ်တိုင်၊ အုတ်ညှပ်(သွပ်မိုး)အမျိုးအစားဖြစ်ကာ စာကြည့်တိုက်တွင် သုတ၊ ရသ စာပေ စာအုပ် ၂၂၃၂ အုပ်နှင့် မဂ္ဂဇင်း၊ ဂျာနယ်အုပ်ရေ ၂၀၀၀ ခန့်ကို ကျေးရွာသူ၊ ကျေးရွာသားများ ဖတ်ရှုနိုင်ရန် ဖြည့်တင်းထားကြောင်း သိရသည်။

စာကြည့်တိုက်အတွက် ပြည်ထောင်စုဝန်ကြီးက သုတ၊ ရသ စာအုပ် ၃၅၅ အုပ်၊ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းက သုတ၊ ရသစာအုပ် ၃၀၀၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ရုပ်မြင်သံကြားစက်တစ်လုံးနှင့် အလှူရှင်များက စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပျဉ်းမကန်(ဝင်းဝင်း)တံတားကို ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ပျဉ်းမကန်(ဝင်းဝင်း) တံတားမှာ အရှည် ၃၅ ပေနှင့် အကျယ် ၁၄ ပေရှိ၍ သံကူကွန်ကရစ် ရက်မတံတား၊ ရေတွင်းခွေအုတ်မြစ် အမျိုးအစားဖြစ်ပြီး ယာဉ်တစ်စီးချင်းခံနိုင်ဝန် ၁၅တန်ရှိသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဂ္ဂမဟာသဒ္ဓမ္မရံသီ သာသနာ့ဗိမာန်တော်ကြီးဖွင့်ပွဲသို့ တက်ရောက်သည်။

သာသနာ့ဗိမာန်တော်ကြီးသည် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပျဉ်းမကန်စံပြကျေးရွာ ဘုရားကြီးကျောင်းတိုက်အတွင်းတည်ရှိပြီး အလျား ၁၂၉ ပေ၊ အနံ ၄၆ ပေနှင့် အမြင့် ၁၈ ပေရှိကာ သံကူကွန်ကရစ် အုတ်နံရံ၊ သံဒိုင်း၊ သွပ်မိုးတစ်ထပ် အဆောက်အအုံဖြစ်ပြီး တည်ဆောက်မှု ကုန်ကျငွေကျပ် သိန်းတစ်ထောင့်ရှစ်ဆယ် ကုန်ကျခဲ့ကြောင်း သိရှိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သုံးခွမြို့ရှိ ဒေါ်မိန်းခလေး ပြည်သူ့စာကြည့်တိုက်သို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးနှင့် အလှူရှင်များက အလှူငွေနှင့် စာအုပ်စာပေများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ စာကြည့်တိုက်ကို ၁၉၃၄ ခုနှစ်က လူငယ်ကြီးပွားရေးအသင်း ပိဋကတ်တိုက်အမည်ဖြင့် ဖွင့်လှစ်ခဲ့ပြီး စာကြည့်တိုက်လုပ်ငန်းကို ၁၉၇၆ ခုနှစ်တွင် ရပ်ဆိုင်းထားခဲ့ရာမှ ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလမှစ၍ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ရာ ယခုအချိန်တွင် နေ့စဉ်ထုတ်သတင်းစာများ၊ ဂျာနယ်မျိုးစုံ ၃၀၀၀၊ အင်္ဂလိပ်ဘာသာ ဝတ္ထုစာအုပ် ၆၀၀၊ မြန်မာဘာသာဝတ္ထုစာအုပ် ၂၁၇၁ အုပ်နှင့် မဂ္ဂဇင်းမျိုးစုံ ၁၆၀၁ အုပ်ထားရှိကာ စာပေဝါသနာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများ လေ့လာဖတ်ရှုနိုင်ကြောင်း သိရှိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် သုံးခွမြို့၌ တည်ဆောက်လျက်ရှိသော မဟာအတုလဝေယံ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ပညာရေးဝန်ထမ်းများအား တွေ့ဆုံ

နေပြည်တော် မေ ၁၄

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် မေ ၁၂ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ပညာရေးဝန်ထမ်းများအားတွေ့ဆုံ၍ ကျောင်းသား၊ ကျောင်းသူများအား သင်ခန်းစာသာမက ပြင်ပဗဟုသုတများပါ သင်ကြားပေးရန်၊ အယူအဆအတွေးအခေါ်များ ရင့်ကျက်တိုးတက်စေရေး သင်ကြားပေးရန်၊ ဆရာ၊ ဆရာမများအနေဖြင့် သင်ကြားမှုတွင် ခေတ်မီသောသင်ကြားမှုနှင့် လက်တွေ့ များများလုပ်ရန်၊ ကျောင်းသား၊ ကျောင်းသူများ အားကျလောက်အောင် စံနမူနာပြအဖြစ် နေထိုင်ကြရန်၊ ကျောင်းသား၊ ကျောင်းသူများ စိတ်တွင် မြင့်မားသောရည်မှန်းချက်များ ကိန်းအောင်းစေရေး မြှင့်တင်ပေးရန် မှာကြားသည်။

ယင်းနောက် ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ သာယာဝတီခရိုင်၊ ပြည်ခရိုင်တို့အတွင်းရှိ စာသင်ကျောင်းများအတွက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် လှူဒါန်းသော သွပ်များကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်ဦးက ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် ပဲခူးဒီဂရီကောလိပ်၌ ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းဝင်းနှင့် ဆရာ၊ ဆရာမများအားတွေ့ဆုံ၍ ကောလိပ်အတွင်းရှိ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရန်နှင့် တန်ဖိုးရှိသော စာအုပ်များထားရှိရန်၊ ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားကောင်း၊ သမီးကောင်းများ ဖြစ်စေရေး ပြုစုပျိုးထောင်ပေးရန်၊ ဒီဂရီကောလိပ်ကြီးအား အသွင်သဏ္ဌာန်နှင့် အနှစ်သာရတိုးတက်လာစေရေး ဝိုင်းဝန်းတည်ဆောက်ကြရန်၊ ဒီဂရီကောလိပ်မှ တက္ကသိုလ်အဆင့် တိုးမြှင့်သတ်မှတ်ခဲ့ပါက တက္ကသိုလ်တစ်ခု၏ ဂုဏ်အင်္ဂါရပ်များ ကိုက်ညီစေရေးနှင့် လိုက်လျောညီထွေမှုရှိစေရေး လိုအပ်ချက်များ ကြိုတင်စီမံပြင်ဆင်ထားရန်တို့ကို မှာကြားပြီး ကွန်ပျူတာသင်တန်းခန်းမ၊ စာသင်ဆောင်များ၊ ကျောင်းဝင်းအတွင်းရှိ ဆောက်လုပ်ဆဲဘွဲ့နှင်းသဘင်ခန်းမ၊ စာကြည့်တိုက်နှင့် ဆရာ၊ ဆရာမများ၏ အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၌ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄)မှ ကျောင်းဆင်းအရာရှိများစုပေါင်း၍ (၂၈)နှစ်မြောက် သင်တန်းဆင်းနှစ်ပတ်လည်အလှူဒါနအဖြစ် ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးလွင်ကိုနှင့်အဖွဲ့ လက်ခံစဉ်။ (သတင်းစဉ်)

ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝ
တောတွေ
ထိန်းသိမ်းစို့

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၅-၅-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၀ ၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၁၅ ၈။ ကလေးများအတွက်အကောင်းဆုံး
- ၈း၃၀ ၉။ အကပြိုင်ပွဲ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၄၂)**
- ၁၂း၃၀ ၅။ Golf Magazine (TV)
- ၁း၀၀ ၆။ **မြန်မာဗီဒီယို "နားအေးပါးအေး" (ခန့်စည်သူ၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ညီညီထွန်းလွင်)**
- ၂း၄၀ ၇။ တေးဂီတအစီအစဉ်
- ၂း၅၀ ၈။ International News
- ၃း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၅ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄း၃၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၄၀ ၅။ ဇမ္ဗူဒီပါမှာထွန်းတဲ့ကျွန်း
- ၅း၂၀ ၆။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၀၀ ၇။ ညနေခင်းသတင်း
- ၆း၁၅ ၈။ AFC President's Cup (2011)ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့် မှုအစီအစဉ် [Jabal Al Mukaber (PAL)အသင်းနှင့် ရတနာပုံ(MYA)အသင်း]
- ၈း၀၀ ၉။ ပြည်တွင်းသတင်း
- ၁၀။ နိုင်ငံတကာသတင်းများ
- ၁၁။ မိုးလေဝသအခြေအနေ
- ၁၂။ **ကာတွန်းအစီအစဉ် "တောကောင်ငယ်သိုင်းညီနောင်လေးများ"(ဒုတိယတွဲ) (အပိုင်း-၁၄)**
- ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုပ်ထွေးဆန်းကြယ်" (အပိုင်း-၆)**
- ၁၄။ အစီအစဉ်ပြီး၏။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော်　　မေ　　၁၄

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ Kuming Henglong Building Construction Co., Ltd. ၏ ကုမ္ပဏီဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr. Feng Jiangong ဦးဆောင်သော အဖွဲ့သည် ယမန်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ခေတ်သတ္တုကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် တူးဖော်ထုတ်လုပ်မှုဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စကို ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ Kuming Henglong Building Construction Co., Ltd. ၏ ကုမ္ပဏီဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr. Feng Jiangong ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ပညာ့ဗိမာန်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနား ကျင်းပ

ရန်ကုန်　　မေ　　၁၄

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ပညာ့ဗိမာန် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါ စာကြည့်တိုက် ရုံး၌ ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေ၊ ပုဇွန်တောင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကြည်သန်းနှင့် ဗိုလ်တထောင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးတို့က ပညာ့ဗိမာန် စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ စာကြည့်တိုက်တွင် ဂျာနယ်၊ မဂ္ဂဇင်း၊ ဝတ္ထုများအပါအဝင် သုတရသ၊ ဗဟုသုတဆိုင်ရာ စာအုပ်ပေါင်း ၇၆၃၂ အုပ် ဖြည့်တင်းထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေနှင့် တာဝန်ရှိသူများ ပညာ့ဗိမာန်စာကြည့်တိုက်ကို ဖဲကြိုး ဖြတ်ဖွင့်လှစ် ပေးကြစဉ်။(သတင်းစဉ်)

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန်　　မေ　　၁၄

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဒုတိယဥက္ကဋ္ဌ အငြိမ်းစားပါမောက္ခချုပ် ဦးမော်သန်းက "Building Trust, Creativity & Innovativeness" ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို မေ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်သည်။ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ပြီး ဟောပြောပွဲတက်ရောက်ရန်အတွက် မေ ၂၅ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း အမှတ်(၁/၁၉) သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ပထမထပ်သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်သည်။ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း(ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် နယ်မှလာရောက်သူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သိရသည်။

(သတင်းစဉ်)

❖ **ရှေ့ဖုံးမှ**

မိုးစပါး ဧက ၄၅၀ နှင့် ယခုနှစ်နွေစပါး ဧက ၅၂၀ အတွက် စိုက်ပျိုးရေများ စတင်ပေးဝေနိုင်ပြီဖြစ်သည်။

ရွှေလှံ့ဗိုလ်မြစ်ရေတင်စီမံကိန်းသည် ဒေသအတွင်း စိုက်ပျိုးရေရရှိရေး၊ သောက်သုံးရေရရှိရေး၊ ဒေသဝမ်းစာဖူလုံရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့အတွက် ၂၀၀၉-၂၀၁၀ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ခဲ့ရာ ယခုအခါ စီမံကိန်းလုပ်ငန်းများ၏ ၄၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိသည်။

အဆိုပါစီမံကိန်းပြီးစီးပါက ဒေသတွင်းရှိ စိုက်ပျိုးမြေဧက ၃၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပြီး ကျေးရွာများအတွက်လည်း သောက်သုံးရေပံ့ပိုးပေးနိုင်မည်ဖြစ်သည်။

ယင်းဒေသတွင် မြစ်ရေတင်စီမံကိန်း မစတင်မီက ရာသီဥတုပုံမှန်ဖြစ်လျှင် မိုးစပါးတစ်ဧက ပျမ်းမျှ တင်း ၅၀ နှင့် ရာသီဥတုဖောက်ပြန်ချိန်တွင် တင်း ၃၀မှ ၃၅ တင်းခန့်သာ ထွက်ရှိခဲ့သော်လည်း ယခုမြစ်ရေတင်စီမံကိန်း စတင်ချိန်မှစ၍ မိုးစပါးပျမ်းမျှတစ်ဧက ၉၉ ဒသမ ၅၁ တင်းအထိ တိုးတက်ထွက်ရှိလာခဲ့သည်။

ထို့ပြင် သီးထပ်စိုက်ပျိုးမှုများ ဆောင်ရွက်လာနိုင်၍ တောင်သူများ ဝင်ငွေ တိုးတက်လာခဲ့သည်။ အထူးသဖြင့် ငွေချည် (၆)အထွက်တိုးဝါကို ယခင်ဒေသမျိုးများအစား မျိုးပြောင်းစိုက်ပျိုးလာကြ၍ ဝင်ငွေ တိုးပွားလာခဲ့သည်။

အဆိုပါ ဒေသ၏ အထင်ကရရေကန်ကြီးဖြစ်သည့် ရွှေလှံ့ဗိုလ်ရေကန်ကြီးသည် မိုးရာသီ၌သာ ရေများရှိခဲ့ပြီး နွေဦးရာသီရောက်လာချိန် ဒီဇင်ဘာလကုန်မှ မေလကုန်အထိ ရေများခန်းခြောက်ခြင်းနှင့် အမြဲကြုံတွေ့ခဲ့ရသော်လည်း ယခုအခါ စီမံကိန်းလုပ်ငန်းများ၏ အကျိုးဆက်အဖြစ် ဒုဌဝတီမြစ်ရေများ အဆိုပါရေကန်ကြီးအတွင်းသို့ ဖြည့်တင်းလာနိုင်ခဲ့၍ ယခင်က ပူပြင်းခြောက်သွေ့နေခဲ့သော ဒေသများတွင် ယခုအခါ သစ်ပင်သစ်တောများပါ စိမ်းလန်းစိုပြည်လာကာ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကိုလည်း အထောက်အကူပြုလာနိုင်ခဲ့သည်။ ။

နိုင်ငံတကာ၌ လုပ်ကိုင်နိုင်မည့်သင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန်　　မေ　　၁၄

နိုင်ငံတကာလေကြောင်းလိုင်းများတွင် Flight Attendant တစ်ယောက်အဖြစ် ဝင်ရောက်လုပ်ကိုင်လိုသူများနှင့် နိုင်ငံတကာ Hotel များ၊ သင်္ဘောလိုင်းများတွင် Receptionist တစ်ယောက်အဖြစ် ဝင်ရောက် လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ Receptionist & Flight Attendant သင်တန်း အပတ်စဉ်အသစ်ကို မေလ တတိယပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ၊ ဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် စနစ်တကျ သင်ကြားပေးမည်ဖြစ်ပြီး နိုင်ငံတကာ ဟိုတယ်ကြီးများတွင် အလုပ်အကိုင်ရရှိရန်အတွက်လည်း အခမဲ့ကူညီပေးမည်ဖြစ်ကာ လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများကို လေ့ကျင့်ပေးမည် ဖြစ်သည်။

နိုင်ငံတကာအဆင့် Hotel, Restaurant နှင့် Hospitality လုပ်ငန်းများတွင် Management Level နှင့် ဝင်ရောက်လုပ်ကိုင်မည့် သူများ၊ ကိုယ်ပိုင် Hotel, Restaurant နှင့် Coffee Shop များ၌ စီမံအုပ်ချုပ်လိုသူများအတွက် ရည်ရွယ်၍ သင်တန်းအပတ်စဉ်အသစ်များကို မေလ တတိယပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းကာလ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက်(၂၆၇) အခန်း(၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၂၃၂၀၀၊ ၄၄၁၂၂၅၆၊ ၀၉-၅၀၂၀၃၀၂ တို့သို့ စုံစမ်းဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ပနန်-ပန်းခွာကျေးလက်ဒေသဖွံ့ဖြိုးရေး (Micro Finance) အသေးစားချေးငွေလုပ်ငန်း နွေစပါးစိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရေး ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (ကြေးမုံ)

ရိုးသားပြည်သူ ကောက်ရငွေကိုပြန်လည်အပ်နှံ

နေပြည်တော်　မေ　၁၄

လူ့သဘောအရ မိမိပိုင်ပစ္စည်း မေ့လျော့ပျောက်ဆုံးခဲ့ပါက တန်ဖိုးအနည်းအများကိုလိုက်၍ စိတ်နှလုံးထိခိုက်ခံစားရမည်မှာ ဧကန်အမှန်ဖြစ်သည်။ ရေအဆုံး ကုန်းတစ်ဝက်ပေါ့ ဟူသော ဆိုရိုးစကားကို ကိုးကားကာ အနည်းဆုံးတစ်ဝက်တော့ ပြန်ရလိုကြောင်း ဆိုလေ့ရှိကြသည်။ ဤကား လူ့သဘော၊ လူ့ဆန္ဒ။

သို့သော် အကြောင်းကြောင်းကြောင့် တစ်စုံတစ်ဦးကျပျောက်မေ့ကျန်ခဲ့သော အဖိုးတန်ပစ္စည်းတို့ကို ကောက်ရတွေ့ရှိသူက ဆက်သွယ်စုံစမ်းကာ ကာယကံရှင်လက်သို့ ကိုယ်ထိလက်ရောက် ပေးအပ်ခဲ့သော အောက်ဖော်ပြပါ သတင်းလေးကို တင်ပြလိုပါသည်။

ဖြစ်စဉ်မှာ နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ်တွင် နေထိုင်ပြီး ရန်ကုန် အဝေးပြေးလမ်းဟောင်းပေါ်တွင် တွင်ခုံနှင့် သံဂဟေလုပ်ငန်းလုပ်ကိုင်နေသည့် အသက်(၅၀)အရွယ် ဦးသိန်းလွင်သည် အလုပ်ကိစ္စဖြင့် ကျောက်ပန်းတောင်းသို့ ဆိုင်ကယ်နှင့် ခရီးနှင်လာခဲ့သည်။ ဆိုင်ကယ်စီးရင်း မိတ္ထီလာနှင့် ကျောက်ပန်းတောင်းမြို့ကြားလမ်းပေါ်တွင် လက်ကိုင်အိတ်တစ်လုံးတွေ့လိုက်သည်။

လက်ကိုင်အိတ်တွင် ငွေကျပ် ရှစ်သိန်းကျော်နှင့် ပင်စင်စာအုပ်တစ်အုပ်တွေ့ရသည်။ ပိုင်ရှင်၏အမည်မှာ ဦးကောင်းတင်ဖြစ်ပြီး အငြိမ်းစားကျောင်းအုပ်ဆရာတစ်ဦးဖြစ်ကာ နတ်မောက်ခရိုင်အတွင်းရှိ ကုန်းစောင်းကျေးရွာတွင် နေထိုင်ကြောင်း သိရသည်။

ထို့ကြောင့် ပိုင်ရှင်ဆီသို့ ဖုန်းဆက်ခဲ့သည်။ အဆိုပါ အငြိမ်းစားကျောင်းအုပ်ဆရာထံသို့ အကြိမ်များစွာ ဖုန်းခေါ်သည်။ သို့သော် ဆက်သွယ်၍မရ။ နောက်ဆုံး ပိုင်ရှင်ဆီသို့ မရောက်ရောက်အောင် သွားကာ အဆိုပါ ငွေအိတ်ကိုပေးရန် ဆုံးဖြတ်လိုက်သည်။

"ကျွန်တော်လည်း အဲဒီအငြိမ်းစားကျောင်းအုပ်ဆရာကြီးကို တော်တော်လေး သနားမိတယ်။ ငွေရှစ်သိန်းကျော် ပျောက်လို့ စိတ်ဆင်းရဲပြီး အိပ်လို့မပျော်ဖြစ်နေမှာပဲလို့ ကျွန်တော်ခံစားမိတယ်။ ကျွန်တော်လည်း အဲဒီအဘိုးကြီးကို ပြန်မပေးရမချင်း ကောင်းကောင်းအိပ်မပျော်ဘူး"ဟု သူ့ခံစားချက်ကို ပြန်ပြောပြသည်။ လေးရက်မြောက်နေ့တွင် ဒေသခံ ရွှေပန်းတောင်းရဲစခန်းမှ ဒု-ရဲအုပ်မင်းနိုင်ဦး၏ ရှေ့မှောက်တွင်ငွေအိတ်ကို အဘိုးအိုဆီသို့ပြန်လည်အပ်နှံလိုက်သည်။ **(အောက်ပုံ)**

ဤဖြစ်ရပ်မှာ တာဝန်သိတတ်မှု၊ ရိုးသားမှုရှိသော ပြည်သူတစ်ဦးက သူတစ်ပါးပစ္စည်းဥစ္စာအား ပိုင်ရှင်လက်သို့ မရောက်ရောက်အောင် အပ်နှံခဲ့မှုအား ဂုဏ်ပြုတင်ပြလိုက်ရပါသည်။

(အေအမ်စိုး)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၄-၅-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၂၆၀၀	၀. ၀၃၃၀၄၆၉
တရုတ် (ယွမ်)	၆. ၄၉၈၇၀	၀. ၁၅၃၈၇၇
အိန္ဒိယ (ရူပီး)	၄၄. ၈၆၀၀	၀. ၀၂၂၂၉၁၆
မလေးရှား (ရင်းဂစ်)	၃. ၀၀၂၅၀	၀. ၃၃၃၀၅၆
စင်ကာပူ (ဒေါ်လာ)	၁. ၂၄၅၅၀	၀. ၈၀၂၈၉၀
ဂျပန် (ယန်း)	၈၀. ၇၄၀၀	၀. ၀၁၂၃၈၅၄
တောင်ကိုရီးယား(ဝမ်)	၁၀၈၆. ၉၀	၀. ၀၀၀၉၂၀၀
ယူရို	၀. ၇၀၈၂၉၁	၁. ၄၁၁၈၅
ဗြိတိသျှ (ပေါင်)	၀. ၆၁၇၄၃၆	၁. ၆၁၉၆၀

အင်တာနက်။

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေး ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၄

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် မေ ၁၂ ရက် နံနက်ပိုင်းတွင် ပွင့်ဖြူမြို့နယ် မဲဇလီရေလွှဲဆည် တောင်မုန်းမြောင်းမကြီး ရေသောက်ဧရိယာအတွင်းရှိ လယ်ဖီလာကျေးရွာ၌ မြန်မာဂိုးလ်ဒင်းဆိဒ် ကုမ္ပဏီလီမိတက်၏ အဆင့်မြင့်လယ်ယာဖော်ထုတ်စိုက်ပျိုးရေးလုပ်ငန်း ဧရိယာအတွင်း နှမ်းစပါး ၁၈ ဒသမ ၇၀ ဧက အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အဆင့်မြင့်လယ်ယာ ဖော်ထုတ်ရေးလုပ်ငန်းတွင် လယ်မြေစုစုပေါင်း ၆၃ ဒသမ ၆ ဧကကို ခေတ်မီစက်ယန္တရားများဖြင့် (၂)ဧက အကွက်များ တစ်ဆက်တစ်စပ်တည်း ဖော်ထုတ်၍ လယ်ယာသုံး စက်ကိရိယာများဖြင့် ခေတ်မီ၍ စနစ်ကျသော အဆင့်မြင့်လယ်ယာမြေအဖြစ် မိုးစပါး၊ ကုလားပဲ၊ နှမ်းစပါးတို့ကို တစ်နှစ်(၃)သီးစနစ်ဖြင့် စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် စလင်းမြို့နှင့် စေတုတ္တရာမြို့ ဆက်သွယ်သည့် လမ်းပေါ်ရှိ လက်ပံချောင်း ကမ်းပါးရေတိုက်စားမှုမှ ကာကွယ်ရန် အခြေအနေနှင့် ရေကျော်တည်ဆောက်ရန် နေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး စေတုတ္တရာမြို့အနီးရှိ မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စေတုတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများအားတွေ့ဆုံပြီး မြို့နယ်ပြည်သူ့ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးကာ ဆေးရုံ၌တက်ရောက်၍ ဆေးဝါးကုသမှု ခံယူနေကြသော လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် စေတုတ္တရာမြို့နှင့် ညောင်အိုင်ကျေးရွာတို့ကို ဆက်သွယ်ထားပြီး မုန်းချောင်းကိုဖြတ်၍ တည်ဆောက်ထားသည့် အရှည်ပေ ၄၀၀၊ အကျယ် ၁၂ ပေရှိ နှစ်လွှာတစ်ထပ် ဘေလီသံပေါင်အမျိုးအစား ညောင်အိုင်တံတားကိုလည်းကောင်း၊ မြောင်းဦး သစ်တောကြိုးဝိုင်းအတွင်း သစ်တောဦးစီးဌာန၏ စိုက်ကွင်း အမှတ်(၅၆) စီးပွားရေး စိုက်ခင်းတွင် ယခင်နှစ်စိုက်ရာသီက စိုက်ပျိုးထားသော ရတနာတန်းဝင် ကျွန်းရွှေဝါပင် ဧက ၁၅၀ စိုက်ပျိုးထားရှိမှု အခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မေ ၁၂ ရက်က ရန်ကုန်မြို့ InyaLake Hotel ၌ ကျင်းပသည့် အစ္စရေးနိုင်ငံ၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ညည့်ခံပွဲ အခမ်းအနားသို့ တက်ရောက်လာသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ နှင့် ဇနီး တို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E.Mr.Yaron Mayer ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် စည်ပင်သာယာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၄

မိုးရာသီကာလ ရန်ကုန်မြို့ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် ရေလျှံမှုမရှိရေးတို့အတွက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗဟိုလမ်းရှိ အောင်ချမ်းသာ ရေနုတ်မြောင်းတစ်လျှောက် အမှိုက်သရိုက်နှင့် နုန်းများဆယ်ယူရှင်းလင်းနေမှုကို ရန်ကုန်မြို့တော်ဝန်၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်သည် ယနေ့နံနက် ၇ နာရီခွဲတွင် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြို့တော်ဝန်သည် ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ ဟံသာဝတီပျိုးခြံ၌ အရိပ်ရပင် ၅၁၀၀၀ ပြုစုပျိုးထောင်ထားမှု၊ ဟံသာဝတီလေ့ကျင့်ရေးဂေါက်ကွင်း၌ ဂေါက်သီးရိုက်လေ့ကျင့်ကစားနေမှုနှင့် စည်ပင်သာယာ ရဲတပ်ဖွဲ့ ဝန်ထမ်းအိမ်ရာဝင်း၌ မြို့နယ်များသို့ ရေစုတွင်းကျယ်မှ သောက်သုံးရေ ဖြန့်ဝေပေးနေမှု၊ မရမ်းကုန်းမြို့နယ် အနောက်ဗဟိုလမ်းရှိ အုတ်ရေနုတ်မြောင်းနှင့် အရှေ့ဗဟိုလမ်းရှိ သမိုင်းချောင်း ရေနုတ်မြောင်းတို့၌ အမှိုက်သရိုက်နှင့် နုန်းများဆယ်ယူရှင်းလင်းနေမှု**(အောက်ပုံ)**၊ လှိုင်မြို့နယ် ခြောက်မိုင်ခွဲရှိ မြကန်သာ ပျိုးခြံ၌ အရိပ်ရပင် ၁၂၄၀၃၇ပင် ပြုစုပျိုးထောင်ထားမှု၊ တောင်ဥက္ကလာပမြို့နယ် မေတ္တာလမ်းရှိ ကျိုက္ကဆံချောင်း ရေနုတ်မြောင်းနှင့် တာမွေမြို့နယ်ရှိ အောင်မင်္ဂလာမြို့ပတ်ချောင်း ရေနုတ်မြောင်း၌ အမှိုက်သရိုက်များဆယ်ယူရှင်းလင်းနေမှု၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ရတနာလမ်းကို ကျောက်ချောကတ္တရာလမ်း ခင်းကျင်းပြီးစီးမှု၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ တည်ဆောက်ရေးရုံးဝင်း၌ ကွန်ကရစ်များ ဖျော်စပ်ထုတ်လုပ်နေမှု၊ မောင်းမကန် ကမ်းသာလမ်း ကွန်ကရစ်လမ်းချောခင်းကျင်းပြီးစီးမှုနှင့် ဧရာဝဏ်လမ်း ကွန်ကရစ်လမ်းချောခင်းရန် ဆောင်ရွက်ထားမှုနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ တည်ဆောက်ရေးအဖွဲ့ရုံးဝင်း၌ စက်ယန္တရားများဖြင့် ကွန်ကရစ်နှင့် ကတ္တရာကွန်ကရစ်များ ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဏာမ မြန်မာ့လက်ရွေးစင် လှေလှော်အားကစားသမားများ အင်းလျားကန်၌ စံချိန်ယူလှော်ခတ်လေ့ကျင့်စဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ မြန်မာ့လက်ရွေးစင်အားကစားသမားများ ပြင်ဆင်လေ့ကျင့်နေမှု ကြည့်ရှုအားပေး

ရန်ကုန် မေ ၁၄

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူသည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အင်းလျားကန်ရှိ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၌ မြန်မာ့လက်ရွေးစင် လှေလှော်အားကစားသမားများ၏ ကနူးကယက်လှေ၊ အနောက်တိုင်းလှေနှင့် ရိုးရာလှေများ စံချိန်ယူ လှော်ခတ်လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

အလားတူ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်များတွင် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အားကစားသမားများ ပြင်ဆင်လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌနှင့် ကိုရီးယားစီးပွားရေးသံမှူးတွေ့ဆုံ

ရန်ကုန် မေ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှ စီးပွားရေးသံမှူး Mr. Park Chulho နှင့် အဖွဲ့သည် မေ ၁၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်သို့ လာရောက်တွေ့ဆုံသည်။**(ယာပုံ)**

ရင်းနှီးစွာဆွေးနွေး

ယင်းသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးကိစ္စ၊ မြန်မာနိုင်ငံ၌ ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စားသောက်ကုန်လုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းတို့ကို လာရောက်ရင်းနှီးမြှုပ်နှံမှုပြုနိုင်သည့် ကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မျိုးဆက်သစ်လူငယ် စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၄

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ကကြီးမှူး၍ သက်တန်းအလိုက် မျိုးဆက်သစ်လူငယ် တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲကို မေ ၂၅ ရက်မှ စတင်၍ ရန်ကုန်မြို့အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်း ပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် အသက် ၁၈ နှစ်အောက်၊ ၁၀ နှစ်၊ ၁၂နှစ်၊ ၁၄နှစ်၊ ၁၆နှစ်၊ ၁၈နှစ်နှင့် ၂၀ နှစ်အောက် အတန်းများ ပါဝင်ကြမည်ဖြစ်ရာ ပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲကြမည့်သက်တန်းအလိုက် မျိုးဆက်သစ်လူငယ် စစ်တုရင်အားကစားသမားများသည် မေ ၂၃ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းသို့ စာရင်းပေးသွင်းရမည်ဖြစ်သည်။

(ကြေးမုံ)

ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

နေပြည်တော် မေ ၁၄

မြင်းမူမြို့နယ် ပဲကုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် သင်ထောက်ကူပစ္စည်းများ၊ ကျောင်းသုံးပရိဘောဂများနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါကျောင်းရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်အေးအေးမြတ်က ပဲကုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းလျာထားချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပဲကုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အတွက် မန္တလေးမြို့မှ ဦးမြင့်ဇော်-ဒေါ်ခင်သူဇာမြင့်(မြင့်သူဇာစတိုး)က လှူဒါန်းသည့် ကွန်ပျူတာတစ်စုံ၊ ရုပ်မြင်သံကြားဖမ်းစက် တစ်လုံး၊ ဗီဒီယိုပြစက်တစ်လုံး၊ ကျောင်းသုံးဖိုက်ဘာ တစ်ယောက်ထိုင်ခုံ အစုံ ၅၀ နှင့် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၃၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမြင်သစ်စာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များ လှူဒါန်း

နေပြည်တော် မေ ၁၄

မြိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဒေါ်နီနီချိုသည် မေ ၁၂ ရက် နံနက် ၁၀ နာရီတွင် မြိတ်မြို့နယ် အင်္ဂမော်ကျေးရွာရှိ အမြင်သစ် စာကြည့်တိုက်သို့ စာအုပ်၊ စာစောင် ၁၀၀ ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးကျော်နိုင်က လက်ခံသည်။ ယင်းနောက် ခရိုင်ဦးစီးအရာရှိသည် အင်္ဂမော်ကျေးရွာအုပ်စုရှိ ကျေးရွာများမှ တာဝန်ရှိသူများ၊ စာကြည့်တိုက်မှူးများနှင့် တွေ့ဆုံ၍ စာကြည့်တိုက်ရေရှည်တည်တံ့ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင်

B.O.T လေလံစနစ် လုပ်ငန်းရှင်များ ယာဉ်များဖြတ်သန်းသွားလာမှုအပေါ် သတ်မှတ်နှုန်းအတိုင်းကောက်ခံ

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း B.O.T စနစ်နှင့် လေလံစနစ်ဖြင့် လမ်း၊ တံတား အသုံးပြုခ ကောက်ခံရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းရှင် ၁၅၅ ဖွဲ့အား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် မေ ၁၄

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် မေ ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း B.O.T စနစ်နှင့် လေလံစနစ်ဖြင့် လမ်း၊ တံတားအသုံးပြုခ ကောက်ခံရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းရှင် ၁၅၅ ဖွဲ့အား တွေ့ဆုံ၍ နိုင်ငံတော်က ငွေကြေး အမြောက်အမြားအကုန်အကျခံ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိသော လမ်း၊ တံတားများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လမ်း၊ တံတား အသုံးပြုသူများက သတ်မှတ်ထားသည့် (ကုန်+ယာဉ်)အလေးချိန် အတိုင်း တင်ဆောင်ပြီး ဖြတ်သန်းသွားလာစေရန်၊ B.O.T နှင့် လေလံအောင်မြင်ရရှိထားသည့် လုပ်ငန်းရှင်များကလည်း နိုင်ငံတော်က သတ်မှတ်ပေးထားသည့် နှုန်းထားများအတိုင်း လမ်း၊ တံတား အသုံးပြုခများကို ကောက်ခံရန်၊ လုပ်ငန်းရှင်များအနေဖြင့် အများပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေး၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်စေရေး တို့အတွက် တန်ပိုယာဉ်များ ဖြတ်သန်းသွားလာမှုအပေါ် အခွန်ကောက်ခံရာတွင် စနစ်တကျ ဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးစိုးတင့်နှင့် ဦးကျော်လွင်တို့က လမ်းဂိတ်များတွင် လမ်း၊ တံတား အသုံးပြုခ ကောက်ခံသည့် နှုန်းထားဆိုင်းဘုတ်များကို မြင်သာသည့်နေရာ၌ သတ်မှတ်ထားသည့် အရွယ်အစားအတိုင်း စိုက်ထူထားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ညှိနှိုင်းဆွေးနွေးပွဲနှင့် မျိုးသန့်မျိုးပွားစပါးမျိုးစေ့ ပေးအပ်ပွဲအခမ်းအနားများ ပြည်နယ်ဝန်ကြီးချုပ် ဗိုလ်မှူးချုပ်ဇော်မင်း တက်ရောက်

နေပြည်တော် မေ ၁၄

ကရင်ပြည်နယ် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၁၁) အသိပေးညှိနှိုင်းဆွေးနွေးပွဲကို မေ ၆ ရက် နံနက် ၉ နာရီတွင် ဘားအံမြို့ ပြည်နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဗိုလ်မှူးချုပ်ဇော်မင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဌေးနောင်က ကရင်ပြည်နယ်အတွင်းရှိ ကလေးသူငယ်များအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းကို မေ ၁၄ ရက်နှင့် ၁၅ ရက်များတွင် စတင်လုပ်ဆောင်မည့် အစီအစဉ်များနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ကျန်းမာရေးဦးစီးမှူးများက မိမိမြို့နယ်အလိုက် အမျိုးသားကာကွယ်ဆေး တိုက်ကျွေးမည့် အစီအစဉ်များကို တင်ပြဆွေးနွေးကြကာ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ် ဆွေးနွေးမှာကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မေ ၇ ရက် နံနက် ၈ နာရီတွင် ဘားအံမြို့နယ် တရုတ်လှ စံပြကျေးရွာအနီး စံပြစိုက်ကွင်း၌ ကျင်းပသော မျိုးသန့်မျိုးစေ့ထုတ် တောင်သူများ မျိုးသန့်မျိုးပွားစပါးမျိုးစေ့ပေးအပ်ပွဲ အခမ်းအနားနှင့် သိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့် ပျိုးထောင်ခြင်းနှင့် တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးခြင်း သရုပ်ပြပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးမြင့်သိန်းက သိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့် ပျိုးထောင်ခြင်း၊ တိုက်ရိုက်မျိုးစေ့ချ ကိရိယာဖြင့် မျိုးစေ့ချစိုက်ပျိုးခြင်းနှင့် မျိုးသန့်စပါး စိုက်ပျိုးထုတ်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ် စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်လွင်က လယ်ယာသုံး စက်ကိရိယာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဗိုလ်မှူးချုပ်ဇော်မင်း၊ ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးစောဝင်းထိန်နှင့် မိုးထောင်ကုမ္ပဏီ ဒါရိုက်တာ ဦးစောမြဒင်တို့က မျိုးသန့်မျိုးစေ့ထုတ် တောင်သူများအား မျိုးသန့်မျိုးပွားစပါး မျိုးစေ့များ ပေးအပ်ခဲ့ကြပြီး တောင်သူများ တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးမှုနှင့် ဘောင်စနစ်ဖြင့် ပျိုးထောင်နေမှုကို ကွင်းဆင်းကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား စင်ကာပူ သံအမတ်ကြီးတွေ့

နေပြည်တော် မေ ၁၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Robert Chua Hian Kong သည် ယမန်နေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ညှိခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးနှင့် လေဆိပ်၊ ရေဆိပ်တို့၏ လူဝင်၊ လူထွက် စစ်ဆေးမှုလုပ်ငန်းဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေထိုင်မှုပုံစံပြပွဲ(၂၀၁၁)၌ Champion ဆောက်လုပ်ရေး ပြသ

ရန်ကုန် မေ ၁၄

ရန်ကုန်မြို့ ဒဂုံမြို့နယ် တပ်မတော်ခန်းမ၌ ELECTRONICS & LIVING EXPO-2011 ကို ခင်းကျင်းပြသလျက်ရှိရာ Champion Construction Materials Co.,Ltd. (Member of NAING Group) မှ ပါဝင်ခင်းကျင်းပြသပြီး အိမ်အလှဆင်နှင့် ရေချိုးခန်းသုံးပစ္စည်းများ၊ အိမ်အတွင်းအပြင် အလှဆင်ကြွေပြားနှင့် ကျောက်ပြားများ စသည့် ကမ္ဘာ့အဆင့်မီ ပစ္စည်းများကို ပြပွဲရက်အတွင်း အထူးငွေပေးချေမှုနှင့် လုပ်ငန်းများဆောင်ရွက်ပေးမည့်အပြင် နိုင်ငံတကာအဆင့် ပစ္စည်းများကို တစုတဝေးတည်း ခင်းကျင်းပြသထားသည်။ Champion Construction Materials Co.,Ltd. ၏ရုံးချုပ်နှင့် CCM Mall များကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုးကောင်းလမ်း အမှတ် (၂) စကားဝါအိမ်ရာ၊ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း အမှတ်(၄၀၈) နှင့် ပျဉ်းမနားမြို့နယ် ပေါင်းလောင်း (၂)ရပ်ကွက် ရာဇဌာနီလမ်း အမှတ်(၃၀၅၉) နှင့် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ရတနာဘုမ်မိ အရှေ့အရပ်(၃၅)လမ်း လမ်း (၈၀×၈၁) လမ်းကြား အမှတ်(၂၂၅)နှင့် အရောင်းကိုယ်စားလှယ် ဆိုင်ကြီးများလည်း ဖွင့်လှစ်ထားကြောင်း သိရသည်။

(ကြေးမုံ)

သြဝါဒစကားပြောကြား

အထက(၄) သာကေတ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မေ ၁ ရက်က အဆိုပါကျောင်းရှိ သံလွင်ခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးညွန့်မောင်(ငြိမ်း) သြဝါဒစကား ပြောကြားစဉ်။

(ကြေးမုံ)

ပြည်သူ့ထံမှ ပေးစာများ

ဆိုင်ကယ်များ ကြပ်မတ်ပေးစေလို

စာတည်းခင်ဗျား -

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်စံပြကျေးရွာ၏ ကားဂိတ်နှင့် ဈေးဝန်းကျင်တို့တွင် ဆိုင်ကယ်တက္ကစီများသည် ခရီးသည်များ အလုအယက်ခေါ်တင်ခြင်း၊ မိန်းမပျိုများအား နောက်ပြောင်ခြင်း၊ လမ်းများအား ပိတ်ဆို့၍ ရပ်ထားခြင်း၊ အိတ်ဇောပိုက်များဖြုတ်၍ မောင်းနှင်ခြင်းများကြောင့် အများပြည်သူ အထိတ်တလန့် ဖြစ်စေပါ၍ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျိုက်ထိုသား

ကွမ်းသီးပုပ်ရည်နံ့ ပတ်ဝန်းကျင်ပျံ့နှံ့

စာတည်းခင်ဗျား -

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ပန်းလှိုင်ရပ်ကွက် ကုန်းပေါ်တန်းလမ်း၌ ကွမ်းသီးရောင်းဝယ်ရေးလုပ်ကိုင်လျက်ရှိရာ နေ့စဉ် ကွမ်းသီးပုပ်ရည်နံ့၊ ကန့်နှင့်ကွမ်းသီးပေါင်းသော အနံ့ဆိုးများကြောင့် ရပ်ကွက်အတွင်းနေသူများ ကျန်းမာရေး ထိခိုက်စေပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သူ/သားများ**

သစ်ခွဲစက်သံ ပတ်ဝန်းကျင်ဆူညံ ရှင်းလင်းပြီးစီး

ဧပြီ ၂၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဓနုဖြူမြို့ (၁၄)ရပ်ကွက် (၅)လမ်း(ကျောက်တိုင်လမ်း)ရှိ "သစ်ခွဲစက်တစ်ခုမှ သစ်တုံးကြီးများပစ်ချသံ၊ သစ်ခွဲစက်မှဆူညံသံ" စာတည်းထံပေးစာနှင့်စပ်လျဉ်း၍ ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရှင်းလင်းဆောင်ရွက်ပြီးကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်)

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ နေရပ်လိပ်စာ အပြည့်အစုံရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံ သတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်

နေပြည်တော် မေ ၁၄

၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၄ ရက် နံနက် ၉ နာရီတွင် တန့်ယန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်က ဆွေးနွေးမှာကြားပြီး ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းရည်မှန်းချက် တာဝန်များကိုပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တောင်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် မေ ၁၄

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် မေလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ ညောင်ဦးမြို့၊ မင်းဘူးမြို့နှင့် ပေါက်မြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်တွင် ၁ ဒသမ ၅၀ လက်မ၊ ပေါင်မြို့တွင် ၃ ဒသမ ၉၂ လက်မ၊ ခရမ်းမြို့တွင် သုည ဒသမ ၇၇ လက်မ၊ တောင်ငူမြို့တွင် ၁ ဒသမ ၃၄ လက်မ၊ ကျိုက္ခမီမြို့တွင် ၁ ဒသမ ၃၀ လက်မ၊ ကျောက်တော်မြို့တွင် ၁ ဒသမ ၁၈ လက်မနှင့် ပျော်ဘွယ်မြို့တွင် ၁ ဒသမ ၆၁ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်တွင် တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မနက်ဖြန်ညနေထိခန့်မှန်းချက်။ ။ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံတကာအားကစားသတင်းများ

နိုင်ငံတကာအားကစားသတင်းများ

မန်ယူအသင်း အီဝုဒ်ပတ်ခ်တွင် ဘလက်ဘန်းကို သရေကစားပြီး ပရီမီယာလိဂ် အမှတ်ပေးချန်ပီယံဆုကို (၁၉)ကြိမ်မြောက်ရယူ

မန်ချက်စတာ မေ ၁၄

ပရီမီယာလိဂ် ပွဲစဉ် (၃၇)၏ ပွဲစဉ်တစ်ပွဲဖြစ်သည့် ဘလက်ဘန်းနှင့် မန်ယူတို့ အီဝုဒ်ပတ်ခ်တွင် ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေကျသွားသည်။ မန်ယူအသင်းသည် ယခုပွဲတွင် သရေတစ်မှတ်ရလိုက်ခြင်းကြောင့် ပြိုင်ပွဲမပြီးဆုံးမီ တစ်ပွဲအလိုတွင်ပင် ရမှတ် ၇၇ မှတ်ဖြင့် ပရီမီယာလိဂ် အမှတ်ပေးချန်ပီယံဆုကို (၁၉)ကြိမ်မြောက် ရယူနိုင်ခဲ့ပြီဖြစ်သည်။

အိမ်ရှင်ဘလက်ဘန်းအသင်းသည် တန်ဆင်းဇုန်က စိတ်ချရအောင် အမှတ်လိုနေသေး၍ ယခုပွဲတွင် ရော်ဘင်ဆင်၊ ဂျုန်းစ်၊ ဆမ်ဘာ၊ ဆယ်လ်ဂါဒို၊ ဟွိုင်လက်၊ ရောဘတ်၊ အီမာတန် စသည့် အမာခံကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။ မန်ယူကမူ ဂိုးသမား ဗန်ဒါဆားကို အနားပေးထားပြီး ကုဇက်ဇ်၊ ဗီဒစ်၊ ဖာဒီနန်၊ အီဗရာ၊ ဖေဘီယို၊ မိုက်ကယ်ကာရစ်၊ ဂစ်၊ နာနီ၊ ဗလင်စီယာ၊ ဝိန်းရွန်နေးနှင့် ဟာနန်ဒက်ဇ်တို့ ပါဝင်ကစားသွားသည်။

ဘလက်ဘန်းအတွက် တန်းဆင်းဇုန်မှ ဝေးကွာရေးအမှတ်လိုနေသကဲ့သို့ မန်ယူကလည်း ချန်ပီယံဆုအတွက် အဖြေထုတ်နိုင်အောင် နှစ်သင်းလုံး တိုက်စစ်ဖွင့်ကစားခဲ့ကြသည်။ ထို့ကြောင့် ပထမပိုင်း ပွဲကစားချိန် မိနစ် ၂၀မှာပင် ဘလက်ဘန်း ကွင်းလယ်ကစားသမား အီမာတန်က ဘယ်ခြေဖြင့် ကန်သွင်းပြီး ဦးဆောင်ဂိုး ရယူသွားသည်။ သို့သော် ဒုတိယပိုင်း ပွဲချိန် ၇၂ မိနစ်တွင် မန်ယူတိုက်စစ်မှူး ဝိန်းရွန်နေးက ပယ်နယ်တီမှ ချေပဂိုးရယူသွား၍ တစ်ဂိုးစီသရေဖြင့် ပြီးဆုံးခဲ့ရာ မန်ယူအသင်း အမှတ်ပေးချန်ပီယံ ဖြစ်ခဲ့ပြီဖြစ်သည်။ ***အင်တာနက်။***

အက်ဖ်အေ၏ စွဲချက်တင်ခြင်းခံရသည့် ဖာဂူဆန်။

မန်ယူနည်းပြ ဖာဂူဆန် အက်ဖ်အေ၏ စွဲချက်တင်ခြင်းခံရ

လန်ဒန် မေ ၁၄

မန်ယူနည်းပြ ဖာဂူဆန်ကို အရေးယူနိုင်ရန်အတွက် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)က စွဲချက်တင်လိုက်ပြီဖြစ်သည်။ ဖာဂူဆန်သည် ပရီမီယာလိဂ် ပွဲစဉ်(၃၆) အဖြစ် ချယ်လ်ဆီးနှင့် ဒုတိယအကျော့ကစားရမည့်ပွဲမတိုင်မီ ယင်းပွဲကို ကိုယ်တွယ်မည့် ဒိုင်လူကြီး ဟောင်းဝပ်ဝဘ်နှင့်ပတ်သက်၍ မီဒီယာများသို့ ပြောကြားခဲ့သည့် မှတ်ချက်စကားများကြောင့် ယခုကဲ့သို့ အက်ဖ်အေ၏ စွဲချက်တင်ခြင်းကို ခံရခြင်းဖြစ်သည်။

အဆိုပါ ပွဲမတိုင်မီ ဖာဂူဆန်က ဟောင်းဝပ်ဝဘ်မှာ မိမိတို့အတွက် အကောင်းဆုံးဖြစ်ကြောင်း၊ ဤပွဲအတွက် အသင့်တော်ဆုံးဖြစ်ကြောင်း၊ မိမိတို့အတွက် ကံကောင်းရန် မျှော်လင့်ကြောင်း၊ သို့သော် ဒိုင်အနေဖြင့် ဆိုးရွားသည့် ဆုံးဖြတ်ချက်များ ချမှတ်မည်ကို စိုးရိမ်မိကြောင်း မီဒီယာများသို့ ပြောကြားခဲ့သည်။ အက်ဖ်အေ၏ နည်းဥပဒေ E3 တွင် မည်သည့်နည်းပြမှ ပြိုင်ပွဲမစတင်မီ ဒိုင်လူကြီးကို မည်သို့မျှ ဝေဖန်ပြောကြားပိုင်ခွင့်မရှိဟု ဖော်ပြထားသည်။ ဖာဂူဆန်အနေဖြင့် ယင်းနည်းဥပဒေ E3 ကို ချိုးဖောက်ခဲ့၍ အက်ဖ်အေက ၎င်းကို အရေးယူနိုင်ရန် စွဲချက်တင်လိုက်ခြင်းဖြစ်သည်။

ဖာဂူဆန်သည် မတ်လ ၁ ရက်က ချယ်လ်ဆီးနှင့် ပထမအကျော့ပွဲစဉ်အဖြစ် ကစားခဲ့သည့် ပွဲတွင်လည်း ကွင်းလယ်ဒိုင်လူကြီး မာတင်အက်ကင်ဆန်ကို ပြင်းထန်စွာ ဝေဖန်တိုက်ခိုက်ခဲ့၍ ဒဏ်ငွေပေါင် သုံးသောင်း ပေးဆောင်ခဲ့ရသည့်အပြင် ငါးပွဲပယ်ပြစ်ဒဏ် ချမှတ်ခံခဲ့ရသေးသည်။ ယခုအကြိမ်တွင်လည်း ဖာဂူဆန်အနေဖြင့် ဒဏ်ငွေနှင့် ပွဲပယ်ပြစ်ဒဏ် ထပ်မံချမှတ်ခံရမည်ဆိုပါက ၎င်းအနေဖြင့် ဒိုင်လူကြီးများကို ဝေဖန်သည့် လုပ်ရပ်များကို ရပ်တန့်သင့်ပြီ ဖြစ်သည်။ ***အင်တာနက်။***

ဘိုင်ယန်မြူးနစ်အသင်း မင်နူရယ်န်ျူယာကို ခေါ်ယူရန် သဘောတူညီမှုရရှိ

မြူးနစ် မေ ၁၄

ဂျာမန်ဘွန်ဒက်စ်လီဂါ ထိပ်တန်းအသင်းကြီးဖြစ်သည့် ဘိုင်ယန်မြူးနစ်သည် ရှော်ကေးအသင်းမှ ဂျာမန်လက်ရွေးစင်ဂိုးသမား မင်နူရယ်န်ျူယာကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဟု သိရသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် အသက်(၂၅)နှစ်ရှိ န်ျူယာကို ပေါင် ၁၅ ဒသမ ၅ သန်းဖြင့် ခေါ်ယူစာချုပ်ချုပ်ဆိုရန် သဘောတူခဲ့ခြင်းဖြစ်သည်။ ဘိုင်ယန်မြူးနစ်အနေဖြင့် န်ျူယာကို ခေါ်ယူရာတွင် ပြောင်းရွှေ့ကြေး ပေါင် ၁၅ ဒသမ ၅ သန်းဟုဆိုသော်လည်း အကယ်၍ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် န်ျူယာကို ခေါ်ယူပြီးနောက်တွင် ဂျာမန်ဘွန်ဒက်စ်လီဂါ ချန်ပီယံဖြစ်ပါက ပေါင် ၂ဒသမ ၆ သန်းနှင့် ချန်ပီယံလိဂ်ဆုဖလားရပါက ပေါင် ၃ ဒသမ ၅ သန်း ရှော်ကေးကို ထပ်ဆောင်းပေးရမည်ဖြစ်သည်။ ထို့ကြောင့် ဂိုးသမား န်ျူယာ၏ စုစုပေါင်းတန်ကြေးမှာ ပေါင် ၂၁ ဒသမ ၆သန်း ဖြစ်သွားမည်ဖြစ်သည်။ ***အင်တာနက်။***

အက်ဖ်အေဖလားဗိုလ်လုပွဲ မန်စီးတီးဗိုလ်စွဲ

လန်ဒန် မေ ၁၄

အက်ဖ်အေဖလားဗိုလ်လုပွဲကို ယနေ့ညတွင် မန်စီးတီးအသင်းနှင့် စတုတ်စီးတီးအသင်းတို့ ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မန်စီးတီးက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ အက်ဖ်အေဖလားချန်ပီယံဆုကို ဆွတ်ခူးရရှိသွားသည်။

ယခုဗိုလ်လုပွဲတွင် မန်စီးတီးအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲကစားချိန် ၇၄ မိနစ်တွင် ယာယာတိုရေးက သွင်းယူခဲ့ခြင်းဖြစ်သည်။ မန်စီးတီးအသင်းသည် အက်ဖ်အေဖလားကို ရယူနိုင်ခဲ့ခြင်းကြောင့် အသင်း၏ ၃၅ နှစ်ကြာ ဆုဖလားလက်မဲ့ဖြစ်နေမှုကို နည်းပြမန်စီနီလက်ထက်တွင် အဆုံးသတ်နိုင်ခဲ့ပြီဖြစ်သည်။ ***အင်တာနက်။***

အက်ဖ်အေဖလားချန်ပီယံ မန်စီးတီးကစားသမားများ ဆုဖလားနှင့်အတူ အောင်ပွဲခံနေစဉ်။

ဟာနန်ဒက်ဇ်ကို လစာတိုးပေး၍ စာချုပ်သစ်ချုပ်ဆိုရန် မန်ယူစီစဉ်

မန်ချက်စတာ မေ ၁၄

ယခုနှစ် ဘောလုံးရာသီအတွက် ပရီမီယာလိဂ် အမှတ်ပေးချန်ပီယံဆုဖလားကို ပြိုင်ပွဲမပြီးဆုံးမီ ရယူနိုင်ခဲ့ပြီဖြစ်သည့် မန်ယူအသင်းသည် ၎င်းတို့၏ လူငယ်တိုက်စစ်မှူး ဟာနန်ဒက်ဇ်ကို လစာတိုးပေး၍ စာချုပ်သစ်ချုပ်ဆိုရန် စီစဉ်နေပြီဟု သိရသည်။

မန်ယူအသင်းတွင် ကျောနံပါတ်(၁၄)ဝတ်ဆင်ပြီး "ချီချာရီတို"ဟု နာမည်ရေးထိုးကာ အံ့သြဖွယ်ခြေစွမ်းပြ၍ အဖိုးတန်ဂိုးများ သွင်းယူပေးနေသည့် မက္ကဆီကိုသားလေး ဂျာဗီယာဟာနန်ဒက်ဇ်ကို ယခုအချိန်တွင် ဥရောပထိပ်သီးအသင်းကြီးများက မျက်စိကျလာကြပြီဖြစ်သည်။ ထို့ကြောင့် မန်ယူအသင်းသည် ၎င်းတို့၏ တိုက်စစ်မှူးကို အိုးထရက်ဖို့ဒ်တွင် တည်မြဲရေးအတွက် လက်ရှိတစ်ပတ်လုပ်ခလစာ ပေါင်နှစ်သောင်းကို ပေါင်ခြောက်သောင်းအထိ တိုးမြှင့်ပေးကာ စာချုပ်သစ်ထပ်မံချုပ်ဆိုရန် ပြင်ဆင်လာခဲ့ရခြင်းဖြစ်သည်။ ဟာနန်ဒက်ဇ်သည် မန်ယူအသင်းအတွက် ပထမရာသီတွင်ပင် ပြိုင်ပွဲအရပ်ရပ်တိုင်း၌ ဂိုးပေါင်း ၂၀ သွင်းယူထားနိုင်ခဲ့ပြီးဖြစ်သည်။ မန်ယူအသင်းသည် ဟာနန်ဒက်ဇ်ကို တစ်ပတ်လုပ်ခလစာ ပေါင် ခြောက်သောင်းနှင့် လေးနှစ်သက်တမ်းရှိစာချုပ်သစ် ထပ်မံချုပ်ဆိုသွားမည်ဟုဆိုသည်။ ***အင်တာနက်။***

သဘောတူ

ဘိုင်ယန်မြူးနစ်သို့ ပြောင်းရွှေ့ရန် သဘောတူညီမှု ရရှိထားသည့် ရှော်ကေးဂိုးသမား မင်နူရယ်န်ျူယာ။

ပွဲစဉ်(၃၇)ရလဒ်များ

ဘလက်ပူး	၄ - ၃	ဘော်လ်တန်
ဆန်းဒါးလန်း	၁ - ၃	ဝုလ်ဗာဟမ်တန်
ဝက်စ်ဘရွန်း	၁ - ၀	အဲဗာတန်

ဟန်သစ်

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

ရုပ်ရှင်ပွဲတော်တွင် ကြိုတင်ရောင်းချခဲ့သည့် Sector 7

ပြင်သစ်နိုင်ငံ ရီဗီးယားကမ်းခြေ၌ ကျင်းပလျက်ရှိသော (၆၄)ကြိမ်မြောက် ကန်းရုပ်ရှင်ပွဲတော် ရုပ်ရှင်ဈေးကွက်တွင် ကိုရီးယားစိတ်ကူးယဉ်သိပ္ပံဇာတ်ကား Sector 7 ကို နိုင်ငံအတော်များများသို့ ကြိုတင်ရောင်းချခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

မေ ၁၁ ရက်က စတင်ကျင်းပသော ကန်းရုပ်ရှင်ပွဲတော် ရုပ်ရှင်ဈေးကွက်တွင် ယင်းဇာတ်ကား၏ အရောင်းမြှင့်တင်ရေးပွဲ ကျင်းပပြီးနောက် ဂျာမနီ၊ တရုတ်(တိုင်ပေ)၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများမှ ကြိုတင်ဝယ်ယူသွားကြောင်း လန်ဒန်အခြေစိုက် ရုပ်ရှင်မဂ္ဂဇင်း Screen International က ရေးသားဖော်ပြသည်။

လွန်ခဲ့သည့်နှစ် နှောင်းပိုင်းကလည်း အမေရိကန်ရုပ်ရှင်ဈေးကွက်တွင် ယင်းဇာတ်ကားသည် နိုင်ငံခြားမှ ဝယ်ယူသူများကို ဆွဲဆောင်နိုင်ခဲ့ပြီး ပြင်သစ်၊ ထိုင်း၊ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့တွင် ကြိုတင်ရောင်းချခဲ့ရသည်။

ယင်းဇာတ်ကားကို ဒါရိုက်တာ ကင်ဂျီဟွန်းက ရိုက်ကူးခဲ့ပြီး ရေနံရှာဖွေရေးသင်္ဘောတစ်စင်းပေါ်တွင် သဘာဝလွန်တိရစ္ဆာန်ကိုယ်တစ်ပိုင်းရှိသည့် လူသတ္တဝါကြီးနှင့် လူသားတို့ တိုက်ခိုက်ပုံအကြောင်း ရိုက်ကူးထားခြင်းဖြစ်သည်။

ယင်းဇာတ်ကားကို ကိုရီးယားနိုင်ငံတွင် ယခုနှစ်နွေရာသီတွင် ရုံတင်ပြသမည်ဖြစ်ပြီး ကိုရီးယားမင်းသား ဟာဂျီဝန်၊ အာဆောင်ကီနှင့် အိုဂျီဟိုတို့က ပါဝင်သရုပ်ဆောင်ထားသည်။ ***အင်တာနက်။***

ကိုရီးယားဇာတ်ကား Come Rain, Come Shine ဂျပန်နိုင်ငံတွင် ရောင်းချ

ကိုရီးယားဇာတ်ကားတစ်ကားဖြစ်သည့် Come Rain, Come Shine အမည်ရှိ ဇာတ်ကားကို မကြာသေးမီက ဂျပန်နိုင်ငံသို့ ရောင်းချခဲ့ကြောင်း ဗြိတိန်နိုင်ငံမှ ရုပ်ရှင်မဂ္ဂဇင်းတစ်စောင်က ရေးသားဖော်ပြသည်။

ဒါရိုက်တာ လီယွန်ကီရိုက်ကူးသည့် အဆိုပါဇာတ်ကားကို ၂၀၀၅ ခုနှစ်က ဒါရိုက်တာကင်ဂျီးဝန် ရိုက်ကူးခဲ့သည့် ကိုရီးယားဇာတ်ကား A Bittersweet Life ဇာတ်ကားကို ဝယ်ယူခဲ့ဖူးသည့် ဂျပန်ရုပ်ရှင်ကုမ္ပဏီ Pony Canyon က ဝယ်ယူသွားခဲ့ကြောင်း လန်ဒန်အခြေစိုက်ရုပ်ရှင်မဂ္ဂဇင်း Screen International က ရေးသားဖော်ပြသည်။

ဤဇာတ်ကားအရောင်းအဝယ်ကို မေ ၁၁ ရက်က စတင်ကျင်းပခဲ့သည့် (၆၄)နှစ်မြောက် ကန်းရုပ်ရှင်ပွဲတော်နှင့်အတူ ဖွင့်လှစ်ခဲ့သည့် ဥရောပ၏ အကြီးဆုံးရုပ်ရှင်ဈေးကွက်ဖြစ်သည့် ကန်းရုပ်ရှင်ဈေးကွက်တွင် ရောင်းချခဲ့ခြင်းဖြစ်သည်။ ဤဇာတ်ကားတွင် ကိုရီးယားမင်းသား ဟျွိုင်ဘင်နှင့် မင်းသမီး လင်မ်ဆူးဂျန်တို့က သရုပ်ဆောင်ထားသည်။

ယင်းဇာတ်ကားကို ယခုနှစ်ဖေဖော်ဝါရီလက ဂျာမနီနိုင်ငံတွင် ကျင်းပခဲ့သော (၆၁)ကြိမ်မြောက် ဘာလင်ရုပ်ရှင်ပွဲတော်တွင် ပြသရန် ဖိတ်ကြားခြင်းခံခဲ့ရသကဲ့သို့ မတ်လအတွင်းက ကျင်းပခဲ့သော (၃၅)နှစ်မြောက် ဟောင်ကောင် ရုပ်ရှင်ပွဲတော်တွင်လည်း ပြသခဲ့ပြီးဖြစ်သည်။ ***အင်တာနက်။***

မယ်ကမ္ဘာဟောင်း အေရှဝါရာရေ၏ Heroine ဇာတ်ကား ရုပ်ရှင်ပွဲတော်တွင် အရောင်းမြှင့်တင်ရေးပြုလုပ်

ဘောလိဝုဒ်အကျော်အမော် အိန္ဒိယမင်းသမီးချော အေရှဝါရာရေ၏ Heroine ဇာတ်ကားကို ကျင်းပလျက်ရှိသော (၆၄)ကြိမ်မြောက် ပြင်သစ်ကန်းရုပ်ရှင်ပွဲတော်တွင် အရောင်းမြှင့်တင်ရေးပွဲပြုလုပ်ခဲ့သည်။

၁၉၉၄ ခုနှစ်က မယ်ကမ္ဘာသရဖူဆောင်းခဲ့သူ ဘောလိဝုဒ်၏ အလှဘုရင်မ မင်းသမီးချော အေရှဝါရာရေက ယင်းဇာတ်ကားတွင် ဘောလိဝုဒ်၏ နာမည်ကြီးမင်းသမီးတစ်ဦးအဖြစ် သရုပ်ဆောင်ထားသော်လည်း ဤဇာတ်ကားမှာ သူမ၏ အတ္ထုပ္ပတ္တိမဟုတ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

ဤဇာတ်ကားကို ဒါရိုက်တာ မတ်ဟာဘဟန်ဒါကာက ရိုက်ကူးခဲ့ပြီး သူသည် ၂၀၀၁ ခုနှစ်က Chandni Bar ဇာတ်ကား၊ ၂၀၀၅ ခုနှစ်က Page 3 ဇာတ်ကား၊ ၂၀၀၇ ခုနှစ်က Traffic Singnal၊ ၂၀၀၈ ခုနှစ်က Fashion စသည့် ဇာတ်ကားများသည် နာမည်ကျော် လူကြိုက်များခဲ့သည့် ဇာတ်ကားများဖြစ်သည်။ Heroine ဇာတ်ကားသည် ဒါရိုက်တာဘဟန်ဒါကာနှင့် မင်းသမီးအေရှဝါရာရေတို့၏ ပထမဆုံးအကြိမ် လက်တွဲရိုက်ကူးသည့် ဇာတ်ကားလည်း ဖြစ်သည်။ ***အင်တာနက်။***

အေဝမ်းစိုး

ပြည်တွင်းအားကစားသတင်းများ

ပြည်တွင်းအားကစားသတင်းများ

ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နှင့် Logic Myanmar ကုမ္ပဏီတို့ ပူးပေါင်း၍ ABC Billiards & Snooker Challenge Cup 2011 ပြိုင်ပွဲကို မေ ၂၀ ရက်တွင် ရန်ကုန်မြို့ နာနတ်တောလမ်း ကမာရွတ်မြို့နယ် Apex Club ၌ ကျင်းပမည် ဖြစ်သည်။ အားကစားသမားများသည် မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၅၁၀၄နှင့် Apex Club ဖုန်း-၀၉-၇၃၀၇၇၄၃၀နှင့် ၀၉-၇၃၀၇၇၄၂၉ တို့တွင် မေ ၁၅ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်း ရမည်ဖြစ်သည်။

(ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်)

အာဆီယံစစ်တုရင်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နိုင်

ရန်ကုန် မေ ၁၄

မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် ကျင်းပမည့် အာဆီယံစစ်တုရင် တစ်ဦးချင်းပြိုင်ပွဲကို မေ ၂၅ ရက်မှ ဇွန် ၂ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပါဝင်ယှဉ်ပြိုင်လိုသော အားကစားသမားများသည်မေ ၂၃ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ရုံးခန်း၌ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

အာဆီယံစစ်တုရင်ကစားနည်းကို ၂၀၁၁ခုနှစ် အင်ဒိုနီးရှားနိုင်ငံ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပထမဦးဆုံးအကြိမ်အဖြစ် စတင်ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ (ကြေးမုံ)

(၄၂)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ဝှေ့တံခွန်စိုက် ဗိုလ်လုပွဲများ ဆက်လက်ကျင်းပ

ရန်ကုန် မေ ၁၄

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၁၁ခုနှစ် (၄၂)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ဝှေ့တံခွန်စိုက် အတန်းလိုက် ဗိုလ်လုပွဲများကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းနှင့် ကန်တော်ကြီးပတ်လမ်းထောင့်ရှိ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပသည်။

အမျိုးသားသက်ငယ်တန်း ၃၈ ကီလိုတန်းပြိုင်ပွဲတွင် ကျော်မိုးအောင်(မန္တလေးတိုင်းဒေသကြီး)က စောဘွဲ့မှူး(ကရင်ပြည်နယ်)အား (၅-၀)မှတ်ဖြင့် နိုင်ပြီး ဗိုလ်စွဲသွားသည်။

အမျိုးသားသက်ငယ်တန်း ၄၀ ကီလိုတန်းပြိုင်ပွဲတွင် ဝေလင်းမောင်(ရန်ကုန်တိုင်းဒေသကြီး)က သန်းငွေအောင်(မန္တလေးတိုင်းဒေသကြီး)အား (၃-၂)မှတ်ဖြင့် နိုင်ပြီး ဗိုလ်စွဲသွားသည်။

အမျိုးသားသက်ငယ်တန်း ၄၂ ကီလိုတန်းပြိုင်ပွဲတွင် ဝိုင်လိန်း(ချင်းပြည်နယ်) က သက်ဆွေနိုင် (မန္တလေးတိုင်းဒေသကြီး)အား (၅-၀) မှတ်ဖြင့် နိုင်ပြီး ဗိုလ်စွဲသွားသည်။

အမျိုးသားသက်ငယ်တန်း ၄၄ ကီလိုတန်းပြိုင်ပွဲတွင် စိုးမိုးအောင်(တနင်္သာရီတိုင်းဒေသကြီး)က သက်မင်းစိုး(ပဲခူးတိုင်းဒေသကြီး)အား (၃-၂)မှတ်ဖြင့် နိုင်ပြီး ဗိုလ်စွဲသွားသည်။

အမျိုးသားသက်ငယ်တန်း ၄၈ ကီလိုတန်းပြိုင်ပွဲတွင် လင်းထွဋ်ပိုင်(ဧရာဝတီတိုင်းဒေသကြီး)က သန့်ဇင်ဝင်း (ပဲခူးတိုင်းဒေသကြီး)အား ပထမအချီ ၁ မိနစ် ၆ စက္ကန့်တွင် ညာဖြောင့် လက်သီးတစ်ချက်ဖြင့် အလဲထိုးပြီး နိုင်ကာ ဗိုလ်စွဲသွားသည်။

အမျိုးသားသက်ငယ်တန်း ၅၀ ကီလိုတန်းပြိုင်ပွဲတွင် ခွန်တောက်လင်း(မန္တလေးတိုင်းဒေသကြီး)က ထန်းရှိန်း(ချင်းပြည်နယ်)အား (၅-၀)မှတ်ဖြင့် နိုင်ပြီး ဗိုလ်စွဲသွားသည်။

ပြိုင်ပွဲ၏ ကျန်ရှိသော အတန်းလိုက် ဗိုလ်လုပွဲ ပွဲစဉ်များကို မေ ၁၅ ရက် မွန်းတည့် ၁၂ နာရီတွင် ယင်းအားကစားခန်းမ၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ လက်ဝှေ့အားကစားဝါသနာရှင်များ အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးကံညွန့်(ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး၊ဆည်မြောင်းဦးစီးဌာန)-ဒေါ်ခင်အေးမူ
(တွဲဖက်ပါမောက္ခ၊ရူပဗေဒဌာန၊ ဒဂုံတက္ကသိုလ်) တို့၏သား

မောင်ညီဇော်ထွန်း

B.A (English), I.M.T(CE-29)
M.O.T Third Class Engineer

နှင့်

မြစ်သားမြို့နေ
ဦးဇော်လင်းမောင်(ပုံဆွဲ-၁၊ တည်ဆောက်ရေး(၇)၊ဆည်မြောင်းဦးစီးဌာန)-
ဒေါ်နွယ်နွယ်အောင်တို့၏သမီး

မခင်အိအိဇော်

B.Sc(Hons;), M.Sc, M.Res(Physics)

တို့၏ ၇-၅-၂၀၁၁ရက် (စနေနေ့)တွင် ကျင်းပသောမင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးပါသော ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်စည်ပင်သာယာတရားသူကြီးဒေါ်ခင်ကြည်ကြည်ဇော်အားလည်းကောင်း၊ ၈-၅-၂၀၁၁ရက် (တနင်္ဂနွေနေ့)တွင်ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပခဲ့သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော ဦးအုန်းမြင့် ဒုတိယဝန်ကြီး(ငြိမ်း)၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့်ဇနီး ဒေါ်သက်ဝါတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ဦးကျော်စန်ဝင်း ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာနနှင့်ဇနီး ဒေါ်ခင်မြသိန်းတို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးဝင်းတင်၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော တေးသံရှင် ပန်းအိဖြူ၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးသော သမီးလေးယဉ်အောင်ဦး၊ မင်္ဂလာပန်းကြဲပေးသော မသိမ့်သိမ့်ယဉ်၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မမေဇော်အောင်၊ မင်္ဂလာသတို့သားအရံ မောင်အောင်သန်းဇော်နှင့် မောင်ရဲထွဋ်ဇော်၊ မင်္ဂလာသတို့သမီးအရံ မမျိုးစန္ဒာအောင်နှင့် မအိအိဖြူ၊ မေတ္တာဖြင့်လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ကိုခင်မောင်စိုး-မမီမီကျော်၊ မင်္ဂလာဝတ်စုံများဖန်တီးပေးသော ဦးမြင့်စိုး(ဗိုလ်ချုပ်ဈေး)၊ မိတ်ကပ်အလှဖန်တီးရှင် လင်းလင်း(တော်ဝင်သူ)၊ ဓာတ်ပုံနှင့်ဗီဒီယို မှတ်တမ်းတင်ရိုက်ကူးပေးသော ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော The Aces Band တေးဂီတအဖွဲ့နှင့် ယုဇနဂါးဒင်းဟိုတယ်မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ညီဇော်ထွန်း-မခင်အိအိဇော်

ပြည်မြို့တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ပြည် မေ ၁၄

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ရဲတပ်ဖွဲ့က စုပေါင်းသန့်ရှင်းလုပ်အားပေးပွဲအခမ်းအနားကို မေ ၇ ရက် နံနက် ၆ နာရီက ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်မြို့နဝင်းရပ်ကွက် ဝိသုဒ္ဓါရုံ ဗာရာဏသီကျောင်းတိုက်အတွင်း၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ပြည်မြို့ အမှတ်(၁)၊ (၂)နှင့်(၃) ရဲစခန်းများမှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စုပေါင်းသန့်ရှင်းရေးပြုလုပ်ကြပြီး ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ရဲတပ်ဖွဲ့မှ ရဲမှူးကြီး ကျော်ဆွေနှင့် တာဝန်ရှိသူတို့က အားပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(၄၉၇)

ရွှေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ(တတိယတွဲ)နှင့် စကုဒေသရှိ ရှေးဟောင်းအဆောက်အအုံများမှတ်တမ်းစာအုပ်တို့ကို ထုတ်ဝေဖြန့်ချိ

နေပြည်တော် မေ ၁၄

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များအား ရှာဖွေဖော်ထုတ် ထိန်းသိမ်းစောင့်ရှောက်၍ စာအုပ်၊ စာတမ်း၊ စာစောင်များကို စဉ်ဆက်မပြတ် ထုတ်ဝေဖြန့်ချိလျက်ရှိရာ ယခုအခါ ရှေးဟောင်းအုတ်ခွက် ရုပ်ပွားဆင်းတုတော်များ(တတိယတွဲ)နှင့် စကုဒေသရှိ ရှေးဟောင်းအဆောက်အအုံများ မှတ်တမ်းစာအုပ်တို့ကို ပုံနှိပ်ထုတ်ဝေဖြန့်ချိလိုက်သည်။

ရှေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ(တတိယတွဲ)တွင် ယခင်ထုတ်ဝေခဲ့ဖူးသော စာအုပ်များ၌ မပါဝင်သေးသည့် အုတ်ခွက်များကိုရှာဖွေလေ့လာ၍ ရေးသားဖော်ပြထားပြီး စကုဒေသရှိ ရှေးဟောင်းအဆောက်အအုံများ မှတ်တမ်းစာအုပ်တွင်မူ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စကုဒေသဝန်းကျင်၌ ယနေ့အထိတည်ရှိနေသော ရှေးဟောင်းအဆောက်အအုံပေါင်း ၅၀ ကို မှတ်တမ်းတင်ဖော်ပြထားသည်။

၎င်းစာအုပ်များကို ရန်ကုန်၊ မန္တလေး၊ ပုဂံ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနများသို့လည်းကောင်း၊ ပြတိုက်နှင့် စာကြည့်တိုက်များသို့လည်းကောင်း၊ နေပြည်တော် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ရုံးအမှတ်(၃၅) ဖုန်း-၀၆၇-၄၀၈၀၂၆ သို့လည်းကောင်း တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀နှုန်းဖြင့် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသပ်ရပ်သာယာလှပရေးအတွက် ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို မေ ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးကြည်တင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(တောင်ပိုင်း)ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်မှုကော်မတီက ကြီးမှူး၍ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲကို တောင်ကြီးမြို့ မဟာယနသင်တန်းကျောင်းခန်းမ၌ ဧပြီ ၂၇ ရက်က ကျင်းပစဉ်။ (ကြေးမုံ)

အဆင့်မီရေထွက်ပစ္စည်း ဖြန့်ဖြူးရာနေရာအဖြစ် ပြုပြင်စီစဉ်လျက်ရှိ

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်ရှိ ဗဟိုစံပြငါးဈေးသည် ယနေ့ခေတ်အခြေအနေများနှင့် နှိုင်းယှဉ်ကြည့်ပါက အဆင့်မမီတော့သည့်အနေအထားသို့ ရောက်ရှိနေပြီး ရေထွက်ပစ္စည်းရောင်းဝယ်ဖြန့်ချိမှုတွင် အရည်အသွေး၊ သန့်ရှင်းလတ်ဆတ်မှုတို့တွင် ထိခိုက်မှုများရှိနိုင်ကြောင်း သိရသည်။

ယင်းနှင့်ပတ်သက်၍ "ကျွန်တော်တို့ပစ္စည်းက သန့်ရှင်းဖို့၊ လတ်ဆတ်ဖို့၊ သယ်ယူပို့ဆောင်တဲ့ နေရာကနေပြီးတော့ နောက်ဆုံးအဆင့် အေးခဲတဲ့အထိ အဆင့်ဆင့်မှာ အဆင့်အတန်းမီဖို့ စားသုံးသူတွေဘေးဖြစ်စေမည့်အစား မဖြစ်စေဖို့ဆိုပြီးတော့မှ ဆောင်ရွက်ရတာ ရှိပါတယ်။ အဲလိုဆောင်ရွက်ရတဲ့အခြေအနေမှာ ကျွန်တော်တို့ ဗဟိုစံပြ ငါးဈေးက ခေတ်အဆက်ဆက်က တည်ဆောက်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒီကနေ့အခြေအနေမှာဆိုရင် ဈေးအနေနဲ့အဆင့်မမီတော့ပါဘူး။ အစားအသောက်ဘေးကင်းလုံခြုံရေးကို ဦးစားပေးလာတဲ့ အခုလိုခေတ်ကာလမှာ ပြည်တွင်းပြည်ပဈေးကွက်တွေကို ဖြန့်ဖြူးပေးမယ့် ဈေးကြီးများရဲ့အဆင့်ဟာ သန့်ရှင်းမှုအပိုင်းမှာ သတ်မှတ်စံနှုန်းတွေနဲ့ ကိုက်ညီဖို့လိုအပ်မှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက သုံးသပ်သည်။

ယင်းနှင့်ပတ်သက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့်လည်း ဗဟိုစံပြငါးဈေးကြီးကို အကြီးစားပြန်လည်ပြုပြင်မှုများ ပြုလုပ်သွားရန်အတွက် စီစဉ်လျက်ရှိကြောင်း သိရသည်။

အသားကဏ္ဍပိုမိုဖွံ့ဖြိုးစေရန်၊ ဈေးနှုန်းတည်ငြိမ်စေရန်၊ ဇီဝလုံခြုံမှုပိုမိုရရှိစေရန် လုပ်ဆောင်

အသားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ ဈေးနှုန်းတည်ငြိမ်စေရန်နှင့် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပေါ်လာပါကလည်း ယခင်ထက် ပိုမိုထိန်းချုပ်နိုင်စေရေးတို့အတွက် မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ် လက်အောက်ရှိ အသားတိုးကြက်မွေးမြူထုတ်လုပ် ဖြန့်ချိရောင်းချသူများအသင်း အနေဖြင့် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ထိုသို့ လုပ်ဆောင်ခြင်းနှင့်ပတ်သက်ပြီး "အသားတိုးကြက်မွေးမြူထုတ်လုပ်ဖြန့်ချိ ရောင်းချသူများအသင်းအနေနဲ့က ရန်ကုန်တိုင်းဒေသကြီးအပါအဝင် မြန်မာတစ်နိုင်ငံလုံးအတွက် လိုအပ်တဲ့အသားတိုးကြက်၊ အသားစားကြက်တွေစတဲ့ ပြည်သူတွေ လိုအပ်နေတဲ့ အသားကဏ္ဍကို တော်တော်များများပံ့ပိုးပြီး ဖြည့်စွက်ပေးနေပါတယ်။ အဲလိုအသားကဏ္ဍအတွက် ပံ့ပိုးဖြန့်ချိပေးလျက်ရှိသည့်အပြင် တစ်ပိုင်းကလည်း အထူးသဖြင့် အသားတိုးကြက် ဈေးနှုန်းတည်ငြိမ်ဖို့ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့ အဖွဲ့ချုပ်အနေနဲ့ရော၊ ခုပြန်လည်ဖွဲ့စည်းထားတဲ့ အသားတိုးကြက် မွေးမြူထုတ်လုပ်ဖြန့်ချိရောင်းချသူများအသင်း အနေနဲ့ပါ ရှေ့ဆက်ပြီး အသားကဏ္ဍပိုမိုဖွံ့ဖြိုးစေဖို့အတွက် ဆက်လက်လုပ်ဆောင်နေပါတယ်"ဟု မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဈေးနှုန်းတည်ငြိမ်ရေးနှင့် ကြက်ငှက်တုပ်ကွေးရောဂါကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်စေရေးအတွက်ရည်ရွယ်၍ လှိုင်သာယာတွင် ကြက်ဘဲဒိုင်အသစ် ဖွင့်လှစ်နိုင်ရန်လည်း စီစဉ်လျက်ရှိကြောင်း သိရသည်။

ချစ်ဝင်းမြတ် စုစည်းတင်ပြသည်

ခြောက်လမ်းသွား ကတ္တရာကွန်ကရစ် လမ်းခင်းမည်

ရန်ကုန် မေ ၁၄

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်နှင့် ကမာရွတ်မြို့နယ်အကြားရှိ လေးလမ်းသွား ကတ္တရာကွန်ကရစ် ဘုရင့်နောင်လမ်းမကြီးအား ခြောက်လမ်းသွားကတ္တရာကွန်ကရစ်လမ်းအဖြစ် အပြည့်ခင်းသွားမည်ဖြစ်သည်။

အဆိုပါလေးလမ်းသွား ကတ္တရာကွန်ကရစ် ဘုရင့်နောင်လမ်းမကြီး ပိုမိုကျယ်ပြန့်စွာ မော်တော်ယာဉ်သွားလာနိုင်ရေးနှင့် လမ်းပန်းဆက်သွယ်သွားလာမှု လွယ်ကူလျင်မြန်စေရေးတို့အတွက် ယခုကဲ့သို့ ခြောက်လမ်းသွားကတ္တရာကွန်ကရစ်လမ်းမကြီးအဖြစ် ဆောင်ရွက်ခြင်း ဖြစ်သည်။ အနာဂတ် မော်တော်ယာဉ်သွားလာမှု ယခုထက်ပိုမိုများပြားလာမည်ဖြစ်ခြင်းကြောင့် မြို့တွင်း လမ်းပန်းဆက်သွယ်သွားလာမှုနှင့် ကုန်စည်စီးဆင်းမှု ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ကြည့်ရှုစစ်ဆေး

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်ဆန်း အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်)ရှိ ဂီတ ပညာဌာန၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယဉ်ကျေးမှု အနုပညာအမွေအနှစ်များကို ထိန်းသိမ်းဖော်ထုတ် တီထွင်ပြန့်ပွားအောင် ဆောင်ရွက် အနုပညာများဖြင့် ပြည်သူလူထုအတွင်း ပျံ့နှံ့ပေါက်မြောက်အောင်မြင်အောင် မျှော်မှန်းချက်ထား

ထူးချွန်ပြောင်မြောက်သည့် အနုပညာရှင်များဖြစ်အောင် သင်ကြားလေ့ကျင့်

ရန်ကုန် မေ ၁၄

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)သို့ရောက်ရှိပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ လှုပ်ရှားမှုမှတ်တမ်း ဓာတ်ပုံများ၊ စွယ်တော်ဆောင်ရှိ စီမံရေးရာဌာန၊ စာပေပညာဌာနနှင့် သင်တန်းရေးရာဌာနများ၊ သရဖီဆောင်ရှိ ပန်းချီ ပန်းပုပြခန်းနှင့် စာကြည့်တိုက်တို့ကိုလည်းကောင်း၊ ကုမုဒြာဆောင်ရှိ ဂီတ၊ သဘင်၊ ပန်းပုပညာဌာနများ၌ ကျောင်းသား၊ ကျောင်းသူများ ဘာသာရပ်အလိုက် သင်ကြားလေ့ကျင့်မှုများကို လည်းကောင်း၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာန Studio ရှိ Preview ခန်းမ၌ ရုပ်ရှင်နှင့် ပြဇာတ် ကျောင်းသား၊ ကျောင်းသူများ၏ ကျောင်းဆင်းလက်ရာမွန် ဇာတ်လမ်းတိုကိုလည်းကောင်း၊ ရိုက်ကူးရေး Studio အတွင်း လက်တွေ့ လေ့ကျင့်ရိုက်ကူးနေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးအားပေးသည်။

ယင်းနောက် တက္ကသိုလ်စုပေါင်းခန်းမဆောင်၌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) တာဝန်ခံပါမောက္ခချုပ် ဦးကျော်ဦးက တက္ကသိုလ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့✤

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၄ - ၅ - ၂၀၁၁

နေပြည်တော်(ပျဉ်းမနား)	၁ ဒသမ ၅၀ လက်မ
ပေါင်	၃ ဒသမ ၉၂ လက်မ
ခရမ်း	သုည ဒသမ ၇၇ လက်မ
တောင်ငူ	၁ ဒသမ ၃၄ လက်မ
ကျိုက္ခမီ	၁ ဒသမ ၃၀ လက်မ